အသစ်နှိုးပါးကောင်းမွန်ဝသော iPad နှင့် Laptopsများရောင်းရန်ရှိသည်၊
99% New Apple Macbook Pro 15" Intel Core i7 Ram 8GB H.D.D 500GB
Mac OS 10.8.3 + Window 7 Price : 1080000
99% New Apple Macbook Pro 13" Intel Core i7 Ram 8GB H.D.D 750GB
Mac OS 10.8.3 + Window 7 Price : 980000
99% New Apple Macbook Air 11" Intel Core i5 Ram 4GB S.S.D 128GB
Mac OS 10.8.3 + Window 7 (4 Month Warranty) Price : 850000
99% New Samsung Series 5 Ultrabook 13" Intel Core i5 Ram 8GB
H.D.D 500GB + S.S.DWindow 8 License (1+6 Month Warranty) Price : 720000
Apple ပစ္စည်းများ သီးသန့် အထူးဈေးကောင်းဖေးဝယ်လိုသည်၊
For Buy PH : 09 312 88077
အမှတ် (၁၂၄)၊ ၃၁ လမ်း(အလယ်)၊ ၃ လွှာ၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊

Volume-1, Issue 28
August 14, Wednesday, 2013

နာတာရှည်ရောဂါသည် နှင့် တူလာသော မိုဘိုင်းဖုန်း ပြဿနာ

မိုးဆက်ကို

ပြဿနာတစ်ခုကို အမြဲရှာဖို့မကြိုးစားပဲ အမြဲတမ်း ပြဿနာတွေကိုသာ ဖြစ်စေခဲ့သည့် မိုဘိုင်းဖုန်းပြဿနာမှာအခုဆိုရင် နာတာရှည်ရောဂါသည် တစ်ရောက်နှင့်တူလာသလို ဖြစ်နေသည်။ ဘာကြောင့်လဲဆိုတော့ မိုဘိုင်းဖုန်းကို မြန်မာနိုင်ငံမှာ စတင်အသုံးပြုခွင့်ပေးကတည်းက အများများစွာကို မြှုပ်လာခဲ့သည်မှာ ယခုမွှင့်လင်းလာသည့် ဒီမိုကရေစီစနစ်ကို သွားနေသည်အထိ ဖြစ်သည်။ မြန်မာနိုင်ငံမှာ မိုဘိုင်းဖုန်းအဖြစ် စတင်အသုံးပြုခွင့်ရခဲ့သည့် ၁၉၉၃ ခုနှစ်မှစတင်ကာ မိုဘိုင်းဖုန်းအဖြစ် ဆယ်လူလာ မိုဘိုင်း တယ်လီဖုန်းစနစ် (Analog AMPS 800) စတင်တပ်ဆင်ပေးခဲ့သည်။ အဲဒီအချိန်ကတည်းက လက်သင့်ရာ အဆင်မပြေများဖြင့် စတင်ပေါက်ဖွားလာခဲ့သော မိုဘိုင်းဖုန်းစနစ်ဟာ ဝန်ကြီးတွေ အဆင့်ဆင့်ပြောင်းလဲ ၊ ဆော်တွေ အဆက်ဆက်ပြောင်းလဲပြီး ယခု ၂၀၁၃ ခုနှစ်ရောက်သည့် အချိန်အထိ နှစ်ပေါင်း ၂၀ အတွင်း ဘာမှရေရာတဲ့ တိုးတက်မှုကိုမမြင်ရပဲ ယခုအချိန်တွင် တန်ဖိုးအားဖြင့် နည်းသွားသည့်တိုင်ပြည် သူများ လက်ဝယ်မှာ လိုအပ်သည့် အချိန်လိုအပ်သည့် နေရာတွင် လိုအပ်သလောက် ဝယ်ယူခွင့်မရှိဖြစ်နေသေးခဲ့သည်။

ယခု ၂၀၁၃ ခုနှစ်အတွင်း ပြောင်းလဲမှုများကို စတင်စေခဲ့တာကတော့ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MECTel) ကနေ ရောင်းချခဲ့သည့် ၁၅၀၀ တန် CDMA 800 MHz ဖုန်းလိုင်းများတွင် ငွေကြေးအာဖြေင့် တစ်ဆစ်ရှိးပြောင်းလဲသွားခဲ့ပြီလို့ ဆိုနိုင်သောလည်း ကန့်သတ်ချက်များကို ထားရှိစေခဲ့သည်။ စတင် ရောင်းချသည့်အချိန်မှစပြီး နှစ်ပတ်အတွင်းကတ်ကိုအသုံးပြုရန်၊ အသုံးပြုရာတွင် တစ်ပါတည်း ထည့်သွင်းပေးထားသည့် ငွေကျပ် ၃၀၀ မကုန်ခင် နောက်ထပ် အနည်းဆုံး ၅၀၀၀ ကျပ်ဖြည့်သွင်းရန် ၊ ထည့်သွင်းထားတဲ့ ၅၀၀၀ ကို နှစ်လအတွင်း အပြတ်သုံးရန်အစရှိတဲ့ ကန့်သတ်ချက်တွေဟာ မရှိဆင်းရဲသား ကျောင်းသူ လူတန်းစားအတွက် အဓက်အခဲ တစ်ခုဖြစ်စေခဲ့သည်။ ထိုထက်ဆိုးသည်မှာ ၁၅၀၀ ကျပ် တန်ဖုန်းကတ်တွေကို ခွဲတမ်းချပေးစနစ်ဖြင့် တစ်နိုင်ငံလုံး ရောင်းချပေးသည့် တစ်လအလုံး ၃ သိန်းခွဲထိသည်မှာကလည်း ရပ်ကွက် တစ်ခုချင်းစီအလိုက် အရှိန်ကျ ဆိုသည်မှာ အတော်လေး အတိုင်းအတာအားဖြင့် နည်းသည့်အတွက် ဝိုင်ရက်စနစ်ကို အသုံးပြုခဲ့ကြရသည်။ ထိုတိုင် အောင် တစ်နေ့လုပ်မှ တစ်နေ့စာရသည့် သာမန် ဆင်းရဲသားများအတွက် ဝေးပေါက်သည် ဆိုသည့်တိုင်အောင် ဖုန်းဟန်းဆက် ဝယ်ဖို့အ တွက် ပိုက်ဆံမရှိ ၊ ရှိတာလေး စုပြီးဝယ်မယ်ဆိုပြန်တော့လည်း နှစ်လကို အနည်းဆုံး ၅၀၀၀ ကျပ် ကုန်အောင်ပြောရမည်ဟု ဆိုသည်။ အခုမှဖုန်းစကိုင်ပြီး တစ်နေ့လုပ်မှ တစ်နေ့စာရသည့် မရှိဆင်းရဲသား တစ်ယောက်အတွက် ဖုန်းဆက်ပြီး သာခရေး ၊ နာရေး ၊ အလာပသလာပစကားများ ပြောဆိုဖို့ရာအတွက် အဘယ်မှာဖုန်းဆက်ဖို့ အသိ မိတ်ဆွေပေါများပါမည်နည်း။ ရှိသည်ထားဦး အဘယ်မှာဆက်ပြီး ပြောဖို့ အချိန်ရှိပါမည်နည်း။

ခုရောက်ပိုင်းမှာ ဝမ်းသာစရာကောင်းတဲ့ မိုဘိုင်းဖုန်းတွေကို ၁၅၀၀ တန်အဖြစ် ဈေးနှုန်းတွေ ချပေးလိုက်လို့ ပြည်သူတွေ ပျော်နေသည့်တိုင်အောင် မမျော်နိုင်ပဲ စိတ်ပိုညစ်ရသည်များက ပိုလေသည်။ အဘယ်ကြောင့်နည်း။ အိုးရအနေဖြင့်ဖုန်းဆင်းကတ်တစ်ကတ်ကို ငွေကျပ် ၁၅၀၀ ဖြင့် ရောင်းချသည်ဆိုသော်လည်းအမှန်တကယ် အာဖြင့် လိုအပ်သည့်တိုင်မဝယ်နိုင်ပဲ ဖြစ်နေကြီး၀ယ်ရောင်းသူများလက်ထဲတွင် ဖုန်းကတ်များ ကိုင်ထားကာ အဆမတန် ဈေးများဖြင့် ရောင်းချနေခြင်းဖြစ်သည်။ ဒီလိုမျိုးပြဿနာတွေ ဖြစ်လာမှာကို သာမန် လူတစ်ဒေယာက်အနေနဲ့ပင်တောင် သိဒေနပါလျက်ကယ်နှင့် အစိုးရတာဝန်ရှိသူများ ၊ အကြီးပေးများမသိရှိလေသလား ဆိုသည်ကိုလည်း မေးခွန်းထုတ်ဖွယ်ရာ ဖြစ်လာသည်။ ထိုနည်း တူစွာပဲ ဘာကြောင့် တစ်လတစ်လ ဆိုပြီး ခွဲတမ်းစနစ်နဲ့ ရောင်းနေလဲဆိုတာကလည်း စိတ်ဝင်စားဖို့ကောင်းလောက်သည်။ သူတို့ထုတ်ပြန်ချက်များအရ အဲဒီရောင်းရငွေကိုပြန်ပြီး တာဝါတိုင်စိုက်ထူတာတွေ ၊လိုအပ်တဲ့စက်ပစ္စည်း၀ယ်ယူတာတွေ လုပ်ရတဲ့အတွက်အရေအတွက်ကန့်သတ်ချက်ဖြင့်ရောင်းချရခြင်းလို့ဆိုသည်။ တို့အတွက်စာရေးသူမေးခွန်းမေးချင်တာက ဒီလောက်အကျိုးအမြတ်များမယ်ဆိုတာ တစ်ကမ္ဘာလုံးက လူတိုင်း ၊ စီးပွားရေးသမားတိုင်းသိထားတဲ့ လုပ်ငန်းတစ်ခုကို အခုမှပဲ ငွေ ၁၅၀၀ တန်အဖြစ် ထုတ်တော့မှပဲ အဲဒီ ၁၅၀၀ ကျပ်ဆိုတဲ့ ငွေလေးတွေကို တစ်လတစ်ဆိုပြီးမှ စက်ပစ္စည်းတွေကို မြန်လည်အသစ်တပ်ဆင်ရတယ်ဆိုတဲ့ ဆင်ခြေတစ်ခုဖြစ်သည်။ ဒါဟာ သာမန် လူတစ်ယောက်အတွက်တော့ ဖြစ်တန် ကောင်းပါရဲ့လို့ စဉ်းစားစရာ မလိုလောက်ပေမယ့်သာမန် မဟုတ်တဲ့စီးပွားရေး လုပ်ငန်းရှင်တိုင်းစဉ်းစားနိုင်ပါလိမ့်မယ်။ ယခု တပ်ဆင်ထားသည်ဆိုသည့် မိုဘိုင်းဖုန်းအတွက် ကုန်ကြမ်းအားလုံး နီးပါးဟာ တရုတ်နိုင်ငံက ထုတ်ထားတဲ့ တင်သွင်းထားတဲ့ Huawei ကုမ္ပဏီကနေ ထုတ်ထားတဲ့ စက်ပစ္စည်းအစိတ်အပိုင်းတွေ ဖြစ်တယ်ဆိုတာကို အားလုံးသိကြသည်။

ပြီးခဲ့သည့် ဇူလိုင်လက စတင်ရောင်းချခဲ့သည့် GSM ၁၅၀၀ တန်ဖုန်းကတ်တွေကိုလည်း အလာစတူ ယခင် ၃ လမှာရောင်းချခဲ့သည့် MEC-Tel အမှတ်တံဆိပ်ပါသော CDMA 800 MHz ဖုန်းတွေအတိုင်း ကန့်သတ်ချက်များကို လက်ဆော့လုပ်ဆောင်ထားသည်။ ထိုအတူပဲ နှစ်ချီးပေါင်းမှ ယခင်လများအတိုင်း ၃ သိန်းခွဲ လောက်သာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့်ရောင်း ချခဲ့သည်။ ခွဲတမ်းဖြင့် ရောင်းချခြင်း ၊ ဈေးနှုန်းနည်းခြင်းများကြောင့် မြင်ပ မှောင်ခိုရောက်ကို ဖြစ်ပေါ်လာစေခဲ့သည်။ ထိုအတူပဲ ယခင် ၃ လလုံးလုံး CDMA 800 MHz ကိုသာရောင်းချခဲ့ရာကနေ GSM ကိုပါ ပူတွဲရောင်းချပေးခဲ့သည်။ ဘာပဲဖြစ်ဖြစ် တစ်ကမ္ဘာလုံးအတိုင်းအတာအောင်ဖြင့် အသုံးပြုမှုနည်းလာသည့် CDMA 800MHz နည်းပညာကို ယခုမှ မြန်မာနိုင်ငံမှာ စတင်ရောင်းချသည့် မြန်မာ့စီးပွားရေး (MECTel) ၏ ဥာဏ်ပညာ ကြီးမားမှုကိုလည်း လေးစားရပေသည်။ မြန်မာနိုင်ငံတွင် ထိုကဲ့သို့ အသုံးပြုမှုနည်းသည့် ဖုန်းကို ၃ လ ဆက်တိုက်ရောင်းချပေးခဲ့ပြီး လူကြိုက်များသည့် GSM ဖုန်းလိုင်းကို ခွဲတမ်းစနစ်ဖြင့် ချပေးခဲ့သည့်အတွက် ပြင်ပပေါက်ဈေးမှာ တစ်သိန်း ကျော်အထိ ရောပေါက်သွားခဲ့သည်။ ဒါတောင်မှ လိုအပ်သည့်အချိန် လိုအပ်သလို မလွယ်နိုင်သည့် ပြဿနာပင် ရှိသေးသည်။ ယခင် ၂ သိန်းဖြင့် ရောင်းချခဲ့တုန်းက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအောက်ရှိ လက်ကားရောင်း ချပေးသည့် ကုမ္ပဏီများအပြင် အခြားအသော မိုဘိုင်းဖုန်းဆိုင် တိုင်းနီးပါးမှာ ငွေကျပ် ၂ သိန်းဖြင့် လိုအပ်သည့် အချိန်မှာ ဝယ်ယူခွင့်ရရှိခဲ့သည့် အတွက် စတင်ရောင်းချသည့် အချိန်လောက်ကသာ ဈေးကစားမှုရှိခဲ့ပြီး နောက်ပိုင်းတွင် ဈေးကစားမှု မရှိသလောက် ဖြစ်ခဲ့သော်လည်း ယခု ၁၅၀၀ ဖြင့် ဖုန်းများကိုတော့ ခွဲတမ်း ခွဲခြမ်းစနစ်များကြောင့် ပြင်ပပေါက်ဈေး တစ်သိန်းကျော်အထိ ပေါက်ဈေး မြှင့်သွားခဲ့သည့်အထိ ဖြစ်သွားခဲ့သည်။အဲဒီ အခြေ အများက်ကိုလည်း သိပါလျက်နှင့် အစိုးရတာဝန်ရှိ လူကြီးမင်းများအနေဖြင့် အရေး ယူမှု တစ်စုံတစ်ရာမလုပ်သလို ရောင်းချသည့် ပုံစံများကိုလည်း ပြောင်းလဲခြင်း မရှိခဲ့ပေ။

ဘာကြောင့်လက်ရှိ ၁၅၀၀တန် ဖုန်းတွေဟာ မှောင်ခိုဈေးကွက်လို့ ခေါ်ရမယ့် ပြင်ပဝယ်ရောင်းဈေးကွက်မှာ ဈေးသိန်းချီ ပေးနေရခြင်းရဲ့ အဓိက အချက်ကတော့ ရောင်းလို အားနဲ့ ဝယ်လိုအား မမျှတခြင်းကြောင့်ဖြစ်ပေါ်လာရတဲ့အ တွက်ဖြစ်သည်။ ဒါဟာ ဘောဂဗေဒ နည်းလမ်းအရ အလွန်မှ ရိုရှင်းတဲ့ အဖြေတစ်ခုဖြစ်သည်။ အစိုးရက ရောင်းချနေတဲ့တစ်လ ၃သိန်းခွဲ ဆိုတာထက် ဝယ်လိုအားက တစ်နိုင်ငံလုံးရဲ့ စရ ရာဝိုင်နှုန်းလောက်က ကိုင်ချင်နေသည်။ ဒီတော့ ဝယ်လိုအားမမျှ ဖြစ်ရခြင်းပဲဖြစ်သည်။ ဒါဆိုတာဝ နှိုသူများမဖြစ်ရှင်းပေးသည့်အပြင် ယခုနည်းကိုပဲ သူတို့အတွက် အဆင်ပြေသည်ဆိုသလားမသိဘူး။ ဒီနည်းကိုပဲ ထပ်ပြီးရောင်းဖို့ လုပ်နေပြန်သည်။

နောက်ထပ်ဆိုးသည့်အချက်က အမှန် တကယ်ရောင်းချပေးသည့် အရေအတွက်က ၃ သိန်းခွဲ ဆိုသည့်တိုင်အောင် အမှန်တကယ်ခွဲတမ်းရောင်းချပေးမှုအဆင့်ဆင့်မှာ ဆင်းမ်းကတ်အတွဟာ မသမာမှုမျိုးစုံကို ဖြတ်ကျော်လာခဲ့သည့်အတွက် အမှန်တကယ်ရပ်ကွက်အဆင့် ကျော်ပြီး ပြည် သူတွေလက်ထဲကို ရောက်ရှိနိုင်မှာတော့ ကတ် အရေအတွက်က သိသာစွာပြောင်းလဲ သွားခဲ့ပြီဖြစ်သည်။ ဘာကြောင့်လဲ ဆိုတော့ တစ်နိုင်ငံလုံး အတိုင်းအတာမှာ တစ်လ ၃ သိန်း ဆိုသည့်တိုင်အောင် ဘယ်ပြည့်နယ်မှာ ဘယ်လောက် ၊ ဘယ်တိုင်း ဒေသကြီးကတော့ ဘယ်လောက်ဆိုသည့် တိကျသည့် စာရင်းမျိုး ထုတ်ပြန် ပေးခြင်းမျိုးမရှိပဲ ထိုနည်းအတူ အဆင့်ဆင့် ထုတ်ပြန်မှုမရှိသည့် အတွက် ရပ်ကွက်အဆင့်မှာပင် ရပ်ကွက်နေပြည်သူများ ဘယ်နစ်ကတ်ခွဲတမ်း ရသလဲဆိုတာ မရှိဖြစ်ကြရသည်။ ထို့အတွက် မသမာမှုက အလွယ်တကူဖြစ်ပွားလာ တော့သည်။ တိုင်းဒေသကြီး တစ်ခုအတွက် အရေအတွက် အတိအကျရပေးတာကို စာရင်းထုတ်ပြန်ပြီး အဲဒီ တိုင်းဒေသကြီးကနေ မိမိတိုင်းဒေသကြီးအတွင်း မှာရှိတဲ့ မြို့နယ်အဆင့် ၊ ရပ်ကွက်အဆင့်မှာ ဘယ်ရပ်ကွက်က ဘယ်လောက်ရတယ်ဆိုတာကို အတိအကျထုတ်ပြန်ပေးမယ်ဆိုရင် ဘယ်သူမှ မသမာမှုမျိုးမလုပ်နိုင်တော့သလို ဖုန်းဆိုင်တွေမှာ ဝယ်ရောင်းတွေ လက်ထဲမှာလည်း ကတ်မရှိး ရနေသေးသည့်ရင်များ အတွဲလိုက် ၊ ကတ်လိုက် ရှိနေ မည်မဟုတ်ပဲတကယ်အသုံးပြုမည့် သူများ လက်ထဲကို ရောက်နိုင်သည်။ တကယ်တော့ ဒီမိုကရေစီဆိုတာ စာအုပ်ထဲမှာသာရေးနေကြပြီး အမှန်တကယ် လိုက်နာမှုမရှိသည့်အပြင် ယခင်စနစ် ဟောင်းများအတိုင်းသာလုပ်နေသည့်အကျင့်ဟောင်း များကြောင့် နောက်ဆုံးမှာတော့ ပြည်သူတွေဟာ အဲဒီဒဏ်ကိုခံစားကြပြီး အစိုးရအဆင့်လူတွေမှာတော့ မစံစားရပဲဖြစ်နေသည်။

ဒီမိုကရေစီကို သွားနေတဲ့အစိုးရအနေနဲ့ ဒီလိုမျိုး ဖုန်းဆင်းမ်းကတ်လေးရောင်းတာကို တောင်မှလွင့်လင်းမြင်သာမှုနဲ့ တိကျအေသချာတဲ့ နည်းစနစ်များဖြစ်မှတ်ခြင်းမျိုးဖြင့် စီမံမှု မလုပ်နိုင်ဘူးဆိုရင် အဘယ်မှာတိုင်ပြည်ကို အုပ်ချုပ်ဖို့ နိုင်ငံရေးရာတွေကို စီမံဖို့ နည်းလမ်းမှန်တွေကို ပြည်သူတွေ ထင်သာမြင်သာ ဖြစ်အောင လမ်းညွှန်ပြသ စီမံ အုပ်ချုပ်နိုင်တော့မည်နည်း။

လောလောဆယ် ဆင်းမ်းကတ်တွေကို ရောင်းလိုအားက ဝယ်လိုအားကို ဒီအောင် ရောင်းချနိုင်ဖို့ အတွက်ဆိုရင် လက်ရှိမြန်မာ့ ဆက်သွယ်ရေးရဲ့ မိုဘိုင်းဖုန်းလိုင်းနက်ဝက်တွေကို အမြန်ဆုံး တိုးချဲ့မှုတွေ လုပ်ဖို့ လိုအပ်နေသည်။ ထိုနည်းအတူပဲ တိုးချဲ့မှုသည်ရရှိလာသည့်ဆင်းမ်က တ်အရေအတွက်ကို အများဆုံး၀ယ်လိုအားရှိနေသည့် နေရာများတွင် အမြန်ဆုံးနဲ့ အမှန်ဆုံးဖြစ်အောင် စီမံဆောင်းရွက်ပေးဖို့ လိုအပ်နေသည်။ ယခုနစ် အတွက် ရောင်းချပေးမည်ဆိုသည့် သန်း ၃၀ စီမံကိန်းဟာ ပြီးခဲ့သည့်နစ်က မှစတင်ကာ ရောင်းချ ပေးခဲ့ပြီးဖြစ်သည်။ ယခုနစ်အတွက်အမှန် တကယ် ကြေညာထားသည့် အရေအတွက် နှုန်းဟာ ၇ သန်းကျော် ဖြစ်မည်ဖြစ်ပြီး အမှန် တကယ် ၇ သန်း ရောင်းချနိုင်ဖို့ကို အမှန်ဆုံးလုပ် ဆောင် သင့်သည်။

အရေးကြီးဆုံး ဖြစ်လာသည့်ပြဿနာ တစ်ခုမှာ ပြီးခဲ့သည့် ဇွန်လ ၂၇ ရက်နေ့မှာ ကြေညာခဲ့သည့် ပြည်ပအခြေခိုက် ဆက်သွယ်ရေး အော်ပရေတာဖြစ်သည့် တယ်လီနော် နှင့် အော်ရီဇွန်း တို့ကို အမြန်ဆုံးလုပ်ငန်းစနိုင်အောင် ဆက်သွယ်ရေးလုပ်ငန်းတွ အမြန်ဆုံးအကောင် အထည်ဖော်နိုင်ဖို့အတွက် အစိုးရပိုင်းတာဝန်ရှိ သူများက ကူညီပံ့ပိုးမှုများ မြှုပ်ပေးသင့်သည်။ လွတ်တော်ကလည်း ဆက်သွယ်ရေး ဥပဒေ မူကြမ်းကို အမြန်ဆုံး မြင်ဆင်တည်ဖြတ် အတည်ပြုပြီး မွှင့်လင်းမြင်သာစွာ လုပ်ဆောင် သင့်သည်။ ထိုအတူပဲ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းကိုလည်း အော်ပရေတာ တစ်ခုအဖြစ် အမြန်ဆုံး ပြောင်းလဲပြီး အော်ပရေတာ ရထား သည့် ရတနာပုံတယ်လီဖို့ကိုလည်း အမြန်ဆုံး လုပ်ငန်းများ အမြန်ဆုံးစနိုင်ပြီး အော်ပရေတာ ၄ခုပေါင်းကာလိုအပ်သော ဝယ်လိုအား ပြည့်မီအောင် အကောင်အထည် ဖော်လုပ်ဆောင်သင့်သည်။ ထိုအတူ လွတ်တော် ကလည်း လက်ရှိ ပြဋ္ဌာန်းဖို့ လိုအပ်နေတဲ့ ဆက် သွယ်ရေးဥပဒေကို အမြန်ဆုံး ပြီးစီးအောင် ကူညီသင့်ပြီး ပြည်သူတွေအတွက် အကျိုးရှိစေမည့် ဥပဒေမျိုးကို ပြဋ္ဌာန်းပေးသင့်သည်။ ဒါမှသာ ပြည်သူ သန်း ၆၀ ၏ မိုဘိုင်းတယ်လီ ဖုန်းကိုင်ချင်သည့် အိမ်မက်များ အမှန်တကယ် ဖြစ်လာတော့မှာ ဖြစ်ပါတော့သည်။

LG ရဲ့ Mid Range စမတ်ဖုန်း

LG Optimus F7

အလယ်အလတ်တန်းစား စမတ်ဖုန်းဈေးကွက်လည်း ဈေးဝှန်းကုမ္ပဏီ တစ်ခုရဲ့ ရွေးကွက်ထိုးဖောက်မှုဗျူဟာ တစ်ခုပါပဲ။ ဒီလိုထိုးဖောက်မှုတွေထဲမှာ LG Optimus F7 ဟာ အမေရိကန်နိုင်ငံရဲ့ ရွေးကွက်ကိုယထမဦးဆုံး ထိုးဖောက်ဝင်ရောက်လှုပ်ရှိတဲ့ ဈေးဝှန်းတစ်လုံးပါ။ အမေရိကန်နိုင်ငံရဲ့ နာမည်ကြီး ဆက်သွယ်ရေးကုမ္ပဏီတစ်ခုဖြစ်တဲ့ US Cellular အတွက်သာ ရောင်းချပေးနေတာပါ။ ခါတိုင်းမဟုတ်ဘဲ ဒီလိုမျိုးဈေးကွက်အသေးစိတ်တွေနဲ့ စာရင်းဇယားတွေကို LG ကသေသေချာချာ ပြန်သေးပါဘူး။ LG Optimus F7 ကလည်း အလယ်အလတ်တန်းစားဖုန်းတစ်လုံးဖြစ်တာကြောင့် ရှုပ်ထွေးနေတဲ့ ဈေးကွက် နည်းပါးနဲ့ ဝင်လာနိုင်ရေရှိပါ တယ်။ အသေးစိတ်ဖော်ပြပုံက အရှေ့တော့ LG Optimus F7 ဟာ Samsung Galaxy S II လိုတောင်မှန်တဲ့ဖုန်းတစ်လုံးဖြစ်ပါတယ်။ နောက်လုံး ပေါ်နည်းပညာတွေကို အပြည့်အစုံမသုံးထားပေမယ့် တစိတ်တဒေသ တည့်တွင်းစေးထားတာကလည်း ဖုန်းရဲ့ တန်ဖိုးကိုလျော့ကျစေပါတယ်။ ဒီလိုမြင်လုပ်ထားတာကြောင့် ရှေ့နေနဲ့အရေးရော နောက်ဆုံးပေါ် နည်းပညာ အနည်းငယ်ကပါ အသုံးမြဲသူကို စွဲဆောင်နေပါတယ်။ GSM ကွန်ယက်အတွက် တစ်ဖုံး CDMA ကွန်ယက် အတွက်တစ်ဖုံ ထုတ်လုပ်ထားတဲ့အတွက် တရုတ်နိုင်ငံ မှာဆောင်ရွက်မြဲ သုံးနိုင်ရင်တော့ မြည်တွင်းကို CDMA 800 အတွက်ဝင်ယနိုင်ပါတယ်။ ဖုန်းရဲ့ ဒီဇိုင်းတလည်း ဖုန်းအတောင်းစား တစ်လုံးလို မြင်နှံ့နိုင်မယ့် ဒီဇိုင်းပါး မျက်နှာပြင်ကျယ်ဝန်း တာကြောင့် အဝိတာနက်သုံးသုံး ဂိမ်းဂိမ်းပဲဆော့ဆော့ အဆင်ပြေပါတယ်။ ဒီတော့ LG ရဲ့ အလယ်အလတ် တန်းစားဖုန်း Optimus F7 ကို ဘာတွေတည်ပြီး တည်ဆောက်ထားတယ်ဆိုတာ ဈေးကြည့်ရအောင်....

REVIEW

ဒီဇိုင်းနဲ့ အလှူဝင်ပြင်

ဒီဇိုင်းကတော့ကတော့ ဈေးထောင့်မကျ အဝိုင်းမကျ အင်္ဂလိပ်အက္ခရာ "U" ပုံသဏ္ဌာန် တည်ဆောက်ပေးထားပါတယ်။ ဒီလို လုပ်တဲ့ ဒီဇိုင်းကြောင့် LG ရဲ့ Optimus F7 ဟာအခမရိကန်နိုင်ငံမှာလည်း လူကြိုက်များ လျက်ရှိတဲ့ဖုန်းတစ်လုံးဖြစ်တဲ့အပြင် ဖုန်းရဲ့ဈေးတွဲ့ ဈေးပုံတွေကလည်း အသုံးပြုသူကိုအဆင်ပြေစေပါတယ်။ Home ဈေးတ်ကိုလည်း သေးသေးသွယ်သွယ်ဖြစ်အောင် ပြုလုပ်ပေးထားပြီး ဘယ်လက်ခဲနိုင်နိုင်အဆင်ပြေနိုင် အောင်ပြုလုပ်ပေးထားပါတယ်။အရှည် ၅.၁၉ လက်မ ၊ အကျယ် ၂.၆၉ လက်မရှိပြီး အထူကတော့ ၀.၃၈ လက်မရှိပါတယ်။ ဖုန်းဟာ ထုထည်အားဖြင့် အနည်းငယ် ကြီးတာကြောင့် အလေးချိန်ကလည်း မဆိုစလောက် ရှိပါတယ်။ ဖုန်းတစ်ခုလုံးရဲ့အလေးချိန်ဟာ ၁၃၃.၂ ဂရမ် (၄.၆၉ အောင်စ) ရှိတာကြောင့် သယ်ဆောင်ရ လွယ်ကူပါတယ်။ OS ကို Android 4.1.2 (Jelly Bean) ထည့်သွင်းပေးထားပြီး အသွင်အပြင်ကတော့ LG ရဲ့ ကိုယ်ပိုင် အသွင်အပြင်နဲ့ ချယ်မှုန်းထားတာကြောင့် LG ပရိသတ်တွေအတွက်တော့ ကောင်းကောင်းအဆင် ပြေပါလိမ့်မယ်။

မျက်နှာပြင်နှင့် တင်ကျော်ပိုင်း

မျက်နှာပြင်အရှိုးအစားကိုတော့ အတောင်းစုံး True HD-IPS LCD အရှိုးအစားကိုအသုံးပြုပေးထားပါ တယ်။ မျက်နှာပြင် Resolution ကတော့ HD ထောက်ပံ့ပေးနိုင်တဲ့ 720x1280 Pixels ကို အသုံးပြုပေးထားပြီး မျက်နှာပြင် သိပ်သည်းစေ 312 ppi အထိ အသုံးပြုပေးထားပါတယ်။ မျက်နှာပြင် အကျယ်အဝန်း ၄.၇ လက်မရှိပြီး မျက်နှာပြင်ကာကွယ်မှုအတွက် Gorilla Glass 2 ကို ထည့်သွင်းပြုလုပ်ပေးထားပါတယ်။ ကင်မရာ ထောက်ပံ့မှုအတွက်HD Video နဲ့ ဓါတ်ပုံတွေရိုက်နိုင်တဲ့ အနောက် ကင်မရာ 8 Megapixel ပါဝင်ပြီး 1.3 Megapixel အရှေ့ကင်မရာတစ်လုံးတို့ကို ထည့်သွင်းပေးထားပါတယ်။ ကင်မရာနဲ့ပတ်သက်တဲ့ Sensors တွေပါဝင်ပြီး LED Flash ဒီးလုံးလည်းပါဝင်ပါတယ်။

ထူးခြားချက်အတင်္ဂနဲ့ အစွမ်းထက်ဝန်ကျင်မှုများ

4G LTE ကွန်ယက်ကိုထောက်ပံ့ပေးထားပြီး 2G နဲ့ 3G ကွန်ယက်တို့ကိုပါ အကောင်းဆုံးထောက်ပံ့နိုင်တဲ့ ဖုန်းတစ်လုံးဖြစ်ပါတယ်။ အခြားပါဝင်မှုတွေကတော့ Wifi ၊ Bluetooth နဲ့ GPS တို့ပါဝင်ပါတယ်။ ဘက်ထရီ ထောက်ပံ့မှုအတွက်ကတော့ 2540 mAh ထောက်ပံ့ပေးထားတာကြောင့် တစ်ရက်တစ်ဖါးလောက် အားထွေး ပေးရုံနဲ့ အဆင်ပြေနိုင်ပါတယ်။ ဖုံးအပြင် Micro SIM ကတ်ကို အသုံးပြုရမယ့် ဖုန်းတစ်လုံးဖြစ်တာကြောင့် အကောင်းစား ဖုန်းတစ်လုံးဖြစ်တယ်ဆိုတာ မေးစရာမလိုပါဘူး။

Processor RAM နှင့် Storages ထောက်ပံ့မှု

Processor ဆိုတာကတော့ ဖုန်းတစ်လုံးရဲ့ အဓိကအလုပ်လုပ်နိုင်အားပါပဲ။ Optimus F7 မှာလည်း အပြန်နှန်း 1.5 GHz ရှိတဲ့ Dual Core Processor ကိုထည့်သွင်းပြုလုပ်ပေးထားပါတယ်။ RAM ပမာဏကိုလည်း 2GB အထိထောက်ပံ့ပေးထားတာကြောင့် ဆော့ရုံတန်ရုံ Apps အရေးအတွက်လောက်ကိုတော့ မမှုပါဘူး။ အတောင်းစား ထောက်ပံ့မှုတွေပါဝင်ထားတဲ့ F7 ဟာ အင်တာနက်အသုံးပြုမှုမှာရော ဂိမ်းတော့တဲ့အဖြေတွေမှာပါ အကောင်းဆုံးထောက်ပံ့ပေးနိုင်ပါတယ်။ အမှတ်အလက်သိုလှောင်မှုအနေနဲ့ နဂိုပါဝင်မှုအဖြစ် 8GB ပါဝင်ပြီး Micro SD Card ကိုလည်း အတောင်းဆုံး 32GB အထိ ထောက်ပံ့နိုင်ပါတယ်။

သုံးသပ်ချက်

LG ရဲ့ Mid Range ဖုန်းတစ်လုံးဖြစ်တာကြောင့် ဈေးနှုန်းကတော့ ၂၃၉.၉၉ ဒေါ်လာ နဲ့အခမရိကန်မှာ ရောင်းချပေးနေပါတယ်။ ဒီတော့ မြန်မာငွေနဲ့တွက်ကြည့်ရင်တော့ ၂၃နိုး ဈေးဝန်းကျင်လောက် ရှိနိုင်ပါ တယ်။ မြန်မာပြည်ကိုဝင်လာရင်တော့ သယ်ယူပို့ဆောင်ခနဲ့ဆိုရင်တော့ သုံးသိန်းဝန်းကျင်လောက်ကျမှာပါ။ Processor Dual Core သုံးထားတဲ့အတွက် အလယ်အလတ် စမတ်ဖုန်းတစ်လုံးဖြစ်တယ်ဆိုတာအပြောရော မလိုဘူး။ ဘက်ထရီထောက်ပံ့မှုနဲ့ မျက်နှာပြင်အရွယ်အစားကိုကည့်ရင်တော့ သုံးသင့်တဲ့စမတ်ဖုန်းတစ်လုံးပါပဲ။

Smart Phone Comparison

	Samsung Galaxy S II	LG Optimus L9	Nokia Lumia 925	LG Optimus F7
OS	Android 2.3.4 (Ginger Bread)	Android 4.1.2 (Jelly Beans) 👍	Windows Phone 8 👍	Android 4.1.2 (Jelly Bean) 👍
Screen	4.3" Super AMOLED Plus Touchscreen	4.7" IPS LCD Touchscreen 👍	4.5" AMOLED Touchscreen	4.7" True HD-IPS LCD Touchscreen 👍
Pixels	480x800 Pixels	540x960 pixels	768x1280 Pixels 👍	720x1280 Pixels 👍
Screen Cover	Gorilla Glass	----	Gorilla Glass 2 👍	Gorilla Glass 2 👍
Processor	1.2GHz Dual Core Processor	1 GHz Dual Core Processor	1.5GHz Dual Core 👍	1.5 GHz Dual Core 👍
RAM	1GB	1GB	1GB	2 GB 👍
Back Camera	8 MP , Autofocus , LED Flash 👍	5MP ,Autofocus,LED Flash	8 MP, Autofocus ,LED flash 👍	8 MP, Autofocus ,LED flash 👍
Front Camera	2 MP 👍	VGA	1.3 MP	1.3 MP
Editor's Rating	★★	★★★	★★★★	★★★★★

Volume-1, Issue 28
August 14, Wednesday, 2013

Review

Samsung GALAXY Tab 3

Price : 420,000 ကျပ်ခန့်မှန်း
Stroage : 16 GB
Shop : Samsung Showroom
Contact : 01-242 542

Technical Specs

Display
10.1 inches, (149 ppi pixel)
1280 x 800 pixels

Network
GSM
2G/3G Micro-SIM

Memory
1GB RAM, 16/32 GB
microSD, up to 64 GB

Camera / Flash
3.15 MP (Primary)
1.3 MP (Secondary)

Wireless Connectivity
Wi-Fi 802.11 a/b/g/n
Bluetooth 4.0, dual-band

Dimension, Weight
243.1 x 176.1 x 8mm/ 510g

Battery
Non-removable Li-Po 6800 mAh

OS/ Upgrade
Android v4.2.2 (Jelly Bean)

Performance
Intel Atom Dual-core 1.6GHz



EDITOR'S CHOICE
SMART PRO JOURNAL

Performance

စွမ်းဆောင်ရည်ပိုင်းမှာဆိုရင်တော့ Tab 3 က သာမန် တက်ဘလက်တစ်လုံးအပေါတော်ပဲ အလုပ်လုပ်နိုင်တာပေါ့ ရပါတယ်။ OS အသွင်းပါဝင်တဲ့ feature တွေကကောင်းမွန်ပြီး Hardware နဲ့ software ပိုင်တော်မူတာတော့ စိတ်ကျေနပ် ရတာပဲ။

Design

ဒီဇိုင်းပိုင်းကတော့အရင် Tab 2 နဲ့ကွာခြားမှုမရှိတာတော့ ရပါတယ်။ အလှဖြိန်မှာတော့ Samsung က Tab စီးရီး တတိယ မြောက်အတွက် ဂ လက်မ၊ ၈ လက်မနဲ့ ၁၀ လက်မဆိုပြီး အရွယ် အစား ၃ မျိုးထုတ်လုပ်ထားတာတော့ ရပါတယ်။

Features

Android နောက်ဆုံးဗားရှင်းအသွင်းဆောင်တဲ့ feature တော်တော်များများကို အဆောက်အအုံပေးထားနိုင်ပြီး 4G ရဖို့နိုင်မှု၊ SIM ကဒ်ဆင့်သွင်းစေနိုင်မှုနဲ့ပတ်သက်ရင်တော့ Tab 3 အတွက် အကောင်းဆုံး feature တွေပြည့်စုံနေပါတယ်။

Value for money

အလယ်အလတ်တန်း တက်ဘလက်တစ်လုံး အတွက် သတ်မှတ်ထားတဲ့ တန်ဖိုးက များပြားစေသင့်ပါပဲ မြောများပါ။ ဒါပေမဲ့ Samsung အနေနဲ့ ရောက်တဲ့ အပြားတက် ဘလက်တွေကို Tab စီးရီးများနဲ့ ယှဉ်ပြိုင်နိုင်စွမ်းရှိရဲ့လားဆို တာ ဖောင့်ကြည့်ရမှာဖြစ်ပါတယ်။

Samsungအတွက်နောက်ထပ်တက်ဘလက်တိုက်ကွက်သစ်(သို့) Galaxy Tab 3

Samsung အနေနဲ့ မိတ်ဖိုးအလာတဆို အဆင့်မြင့်ခဲ့ဖုန်းဖြစ်တဲ့ Galaxy S4 ကို ထုတ်လုပ်ပြီးနောက်ပိုင်း တက်ဘလက်လေဘက်မှာ ငြိမ်နေခဲ့တာ အတော်ကြာကြာကို ကြာမြင်ခဲ့ ရပ်ဆိုင်းခဲ့ရတာပါ။ အခု ဩဂုတ်လထဲမှာတော့ Samsung က ငြိမ်သက်နေတဲ့ တက်ဘလက်လေဘက်ဆီ Tab စီးရီးကို ထပ်မံ ထုတ်လုပ်ပြီး ဝင်ရောက်လာပါတယ်။

Tab 3 ရဲ့ ဒီဇိုင်းပိုင်းက အရင် Tab 2 နဲ့တော်တူပါတယ်။ မြောရခွေတော့ ပါက အလယ်လတ်တန်း တက်ဘလက်တစ်လုံးအတွက်သင့်တော်တဲ့ ဒီဇိုင်း ပဲ။ Samsung တာနေ ထင်ဝင့်ရဲ့ Note စီးရီးတွေကို မရှည်းအကောင်းစား တတ္တူရှည်းထည့်သွင်းနေတဲ့ Tab စီးရီးတက်ဘလက်တွေကအလယ်လတ် တန်း ဖြစ်သွားရတာ မယန်းပါဘူး။ မျက်နှာပြင်ကို သာမန် TFT LCD ကိုသာ အသုံးပြုထားပြီး resolution က 1280 x 800 ရှိပါတယ်။ ဒါမြောင့် Tab 3 ရဲ့ မျက်နှာပြင်က Full HD အရည်အသွေးကို အဆောက်အအုံမပေးတဲ့အလို့ မှတ်သူရပါတယ်။ မျက်နှာပြင်ကို အခန်းအတွင်းမှာ အသုံးပြုရတာ အဆင်ပြေ ပေမယ့်အပင်အရောင်အမှောင်ရိုင်းတော့အနည်းငယ်အဆက်အတွေ့ နိုင်ပါတယ်။

ကင်မရာဝိုင်းကတော့ အဆင့်မြင့်ခုန်းတွေလို အမြင့်စား မဟုတ်သေး ရပါတယ်။ ပါဝင်တဲ့ 3 megapixel ကအရောင်းအသွေးတွေကို မှုတ်စွဘဲ့ကောင်းစေနိုင်တယ်ဆိုပေမယ့် မိတ်ပိုဆက်တိုက်ရိုက် နိုင်မယ့် burst mode မပါဝင်တာက တက်ဘလက်နဲ့ ကင်မရာစကားပြောကြီး သုံးရမှာ သူတွေအတွက် စိတ်ပျက်စရာအချက်ဖြစ်စေနိုင်ပါတယ်။ ဗီဒီယိုရိုက်ကူးမယ် ဆိုရင် 720p အမြင့်ဆုံး ထုတ်လုပ်ပေးနိုင်တာကိုတော့ ရပါတယ်။ ဒါမြောင့် Tab 3 ရဲ့ ကင်မရာစွမ်းရည်ပိုင်းက အကောင်းကြီးတော့ မဟုတ်ပေမယ့် အလယ်လတ်တန်းက တက်ဘလက်တစ်လုံးအတွက်တော့ သင့်လျော် တယ်လို့ ဆိုရမှာပါ။

Tab 3 မှာ သဘောကျစရာကောင်းတာက Smart Stay feature ဖြစ်ပါတယ်။ ဟုတ် feature က အရင်ကလည်း ပါဝင်ပေမယ့် Tab 3 မှာ ပိုမိုလုပ်ဆောင်နိုင်တာတွေ့ ရပါတယ်။ မှီးအပြင် Android 4.2.2 အပေါ်မှာ အသုံးတဲ့ Samsung ရဲ့ TouchWiz ကလည်း တော်လာကို တွေ့ရတွက် ထီးသန့်ထုတ်လုပ်ပေးနေသေးပြီဖြစ်နေတော အခု Tab 3 မှာ အသုံးပြုတော အဆင်ပြေချောမွေ့နေတာဖြစ်ပါတယ်။ ထို့အပြင် တူရာ့ထူး ထန်းဆန်း ပါဝင်လာတာက Samsung ရဲ့ Driving Mode ဖြစ်ပါတယ်။ Driving Mode ဆိုတာကတော့ ကားမောင်းရင်း အသုံးပြုနေနိုင်စိတ်ချစ နစ်ဖြစ်ပါတယ်။

ပြီးခဲ့သုံးသပ်ရမယ်ဆိုရင်တော့ Samsung Galaxy Tab 3 က အလယ်လတ်တန်း တက်ဘလက်တစ်လုံးဖြစ်ပြီး Samsung အနေနဲ့ လည်း အမြင့်စား တက်ဘလက်တစ်လုံးကို မထုတ်ပဲ ဒီလိုမျိုး အလယ် လတ်တန်းစား တက်ဘလက်တစ်လုံးထုတ်လုပ်ခဲ့တဲ့အတွက် ရောက်ရက်ထဲ အပြားအမြင့်မြင့် တက်ဘလက်တွေနဲ့ မည်သို့မည်ပုံယှဉ်ပြိုင်ပွဲဝင်မလဲဆို တာတော့ကြည့်ရှုပွဲမှာ အမှန်ပဲဖြစ်ပါတော့တယ်။

ဈေးနှုန်းမြင့်မားစွာ အရောင်းအဝယ်ဖြစ်နေသော ၁၅၀၀တန် SIM Card ရောင်းချခြင်းကို တားမြစ်မည်မဟုတ်

ဓါတ်ပုံ - လှိုင်မင်းဒေအောင်

လှိုင်မင်းဒေအောင်

မြန်မာနိုင်ငံတော် သမ္မတ၏ ညွှန်ကြားမှုကြောင့် GSM SIM Card များ မဲစနစ်ကို အသုံးပြု၍ ၁၅၀၀ ကျပ်နှုန်းဖြင့် ရောင်းချခဲ့သော်လည်း ထပ်ဆင့်ရောင်းချမှု ၁၀၀၀၀ ကျော်ခန့်ကျင် ဈေးပေါက်နေသော်လည်းထပ်ဆင့်ရောင်းချမှုကို အဓိကရေးယူမည် မဟုတ်ကြောင်းနိုင်ငံတော်သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူဦးဝဏ်ထိမ သိရသည်။

ဒွေကျော် ၁၅၀၀ နှုန်းဖြင့် မဲနိုက်ခဲ့ရော ချဲ့ထားဖေးဆော်လည်း အမှန်တကယ် အသုံးပြုရန်လို အပ်နေသူများမှာ တစ်သိန်းနှစ်သောင်းမှ တစ်သိန်းငါးသောင်း ဝန်းကျင်တွင် ပေဝယ်နေခြင်းကို ဦးဝဏ်ထွဋ်က မဲပေါက်သူများက ထပ်ဆင့် ပြန်လည်ရောင်းချနေခြင်းမှာ တစ်ဦးချင်းစီ၏ ဆုံးဖြတ်ချက်ဖြစ်၍ကြား ဝင်ဆောင်ရွက်ပေးရမှုမရှိကြောင်းရှင်းပြသည်။

ဈေးလမှစတင်၍မိုဘိုင်း SIM Card များကို ကျပ် ၁၅၀၀ ကျပ် နှုန်းနှင့် မဲစနစ်ဖြင့်ဖြန့် ဝေပေးရာ ထပ်ဆင့်ရောင်းချခြင်းမှ ကာကွယ်ရန်ဟုဆိုကာ SIM Card သက်တမ်းသတ်မှတ်ခြင်း၊ လစဉ်အသုံးပြုရမည့် ငွေပမာဏသတ်မှတ်ခြင်း စသည်ဆောင်ရွက်မှုများရှိခဲ့သော်လည်း စတင် ဖြန့်ချိသည့်နေ့မှ ယခုအချိန်တိုင်ပြင်ပဈေးကွက်တွင် ဖုန်းဆင်းကတ်များ ထပ်ဆင့်ရောင်းချမှုဈေးနှုန်းမှာ CDMA SIM Card (ရှစ်သောင်းကျပ်ဝန်းကျင်) နှင့် GSM SIM Card ကို (တစ်သိန်းနှစ်သောင်းကျပ်မှ တစ်သိန်းငါးသောင်းကျပ် ဝန်းကျင်အထိ မြင့်မားလျက်ရှိသည်။ ၁၅၀၀ကျပ်နှုန်းဖြင့်အစိုးရမှရောင်းချပေးသော်လည်း ပြင်ပတွင် တကယ်တမ်း ဝယ်ယူ အသုံးပြုနေရခြင်းမှာ ဟိုအရင်က ဈေးနှုန်းနှင့် သိပ်မကွာဟု ထပ်ဆင့်ဝယ်ယူ အသုံးပြုနေသူများက ပြောဆိုနေကြသည်။

ပြည်တွင်းကုမ္ပဏီများနှင့်မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းတို့ အကျိုးတူပူးပေါင်း ဆောင်ရွက်မည့် အော်တိုတယ်လီဖုန်းလိုင်း ဝန်ဆောင်မှုစတင်

၁၀၀၀

ပြည်တွင်းကုမ္ပဏီများက စတင်ဆောင်ရွက်သွားမည့်အော်တိုတယ်လီဖုန်းလိုင်း ဝန်ဆောင်မှုကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှသိရှိရပါသည်။ အဆိုပါ ဆောင်ရွက်ချက်ကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ အော်တိုတယ်လီဖုန်းလိုင်း Outside Plant (OSP) ကေဘယ်ပြုပြင်ထိန်းသိမ်းဈေးဝန်ဆောင်မှုလုပ်ငန်းအဆောင်ရွက်လိုသည့် အများပြည်သူများအားဗိုလ်ကကောင်းမွန်သောအော်တိုတယ်လီဖုန်းလိုင်းဝန်ဆောင်မှုများဖေးနိုင်ရန်ရည်ရွယ်၍မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက်ပြည်တွင်းကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ခဲ့ပြီးဖြစ်ကြောင်းသိရှိရပါသည်။

အဆိုပါအစီအစဉ်အရပြည်တွင်းကုမ္ပဏီများက ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန အော်တိုတယ်လီဖုန်းလိုင်း ဝန်ဆောင်မှုလုပ်ငန်းအား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းအနေဖြင့်အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရန် လက်ရှိဆောင်ရွက်နေသောဝန်ဆောင်မှုများအနက် လုပ်ငန်းအများစုအား ဖိတ်ခေါ်ခဲ့ပြီးဖြစ်ရာ အော်တိုတယ်လီဖုန်းလုပ်ငန်းလည်းပါဝင်ခဲ့သည်ဖြစ်ကြောင်းသိရှိရပါသည်။ လက်ရှိအော်တို တယ်လီဖုန်းလိုင်းများအား အိတ်ဖွင့်နယ်မြေအလိုက် ပြုပြင်ထိန်းသိမ်းခြင်း၊ အော်တို အိတ်ဖွင့်သင်္ကေတများ တိုးချဲ့တပ်ဆင်ခြင်း လက်ရှိအိတ်ဖွင့်လိုင်းများ လိုင်းအင်အား တိုးချဲ့ခြင်း၊ Call Center လုပ်ငန်းဆောင်ရွက်ခြင်းတို့သည်အော်တိုတယ်လီဖုန်းလုပ်ငန်းများတွင်ပါဝင်ကြောင်းသိရှိရပါသည်။

ဓါတ်ပုံ - လှိုင်မင်းဒေအောင်

Samsung Galaxy Tab 3 (8 inch) သြဂုတ်လ ဒုတိယပတ်တွင် ပြည်တွင်းဈေးကွက်တွင်း ဝင်ရောက်နိုင်

လှိုင်မင်းဒေအောင်

Samsung Galaxy Tab 3 ၏ ထူးခြားသည့် ညီနောင်အချိုးအစားတစ်ခုဖြစ်သောမျက်နှာပြင် ၈လက်မ အကျယ်ရှိသည့် Galaxy Tab 3 (8 inch) သည် ယခုသြဂုတ်လဒုတိယပတ်တွင် မြန်မာပြည်တွင်းဈေးကွက်သို့ဝင်ရောက်လာမည်ဟု Samsung ကုမ္ပဏီမှ Head of HHP Channel, ဦးဇာနည်ဝင်းထက်မှ ပြောကြားခဲ့သည်။

Tablet ၏ OS မှာ နောက်ဆုံးဖေါ် Jelly Bean Android OS အသုံးပြုထားခြင်းကြောင့် သွက်လက်မြန်ဆန်စွာ အသုံးပြုနိုင်မည့်အပြင် ပို၍ သွက်လက်စွာ ရောဖွေမှု,ဖမှ,အသုံး ပြုနိုင်ရန် Dual 1.5GHz Processor ကို အသုံးပြုထားပြီး 1.5 GB RAM အား အသုံးပြုထားသည်။ ပြည်တွင်းဈေးကွက်တွင် Galaxy Tab 3 (8 inch) ကို 16GB ဖြင့်ဝယ်ယူနိုင်ပြီး 64 GB ထိ တိုးချဲ့ အသုံးပြုနိုင်ရန် Micro SD Slot ပါဝင်သည်။

အဓိကဖိုင်မှာ ၃၁၄ ရစ်ရှိပြီး ကိုယ်ထည် မွဲ့စည်းထားပုံမှာ ဘောင်းဘီအနောက်အိတ်အတွင်း (သို့) အင်္ကျီအိတ်ကပ်အတွင်း အလွယ်တကူ အထုတ်အသွင်း ပြုလုပ်သယ်ဆောင်နိုင်သည့်အတွက် ကျောင်းသား ကျောင်းသူများ၊ စီးပွားရေးလုပ်ငန်ရှင်များ အစရှိသဖြင့် ဝန်ထမ်းများနှင့်အတူ သင့်လျော်သည်။ ဖုန်းအပြောဆိုနိုင်ရန် အတွက် GSM SIM Card ထည့်သွင်းအသုံးပြုနိုင်မှာ ဖြစ်ပြီး Application များစွာပါဝင်သည့် အပြင် ထပ်မံဆွဲယူ အသုံးပြုနိုင်ရန် Google Play Store နှင့် Samsung Apps တို့လည်း ပါရှိကြောင်းသိရသည်။

ဓါတ်ပုံ- အင်တာနက်

Galaxy Tab 3 (8inch) ၏ ကျောဘက်တင်မရာမှာ 5MP ဖြင့် ရိုက်ကူးနိုင်ပြီး ရှေ့တင်မရာမှာ 1.3MP ဖြင့် ရိုက်ကူးနိုင်သည်။ ဘက်ထရီပံနိုင်ရည်အားမှာ 4450 mAh ပါရှိသဖြင့် ၈ လက်မအရွယ် အစားမျက်နှာပြင်ဘက်ထရီသုံးစွဲအားအတွက် လုံလောက်မှုတစ်ခု အသုံးပြုနိုင်မှာဖြစ်ကြောင်း သိရသည်။

K Link Company Limited မှ အရောင်းကိုယ်စားလှယ်များနှင့် ကိုယ်စားလှယ်အဖြစ် လုပ်ကိုင်လိုသူ များကို ဖိတ်ခေါ်

လှိုင်မင်းဒေအောင်

မြန်မာနိုင်ငံအတွင်းရှိအနယ်နယ်အရပ်ရပ်မှ Kaspersky ၏ Retail နှင့် Enterprise Product များ ရောင်းချနေကြသော အရောင်းကိုယ်စားလှယ်များ၊ ကိုယ်စားလှယ်အဖြစ် လုပ်ကိုင်ရန်စိတ်ဝင်စားသူများ မြန်မာနိုင်ငံရန်ကုန်မြို့တွင် ပထမဆုံး အကြိမ်အဖြစ် Kaspersky မှ Partner Conference ကိုလာမည့် August လတွင်ပြုလုပ်ရန် အစီအစဉ်ရှိသဖြင့် စိတ်ပါဝင်စားသူများ ကြိုတင်စာရင်းပေးပို့နိုင်ကြောင်းသိရသည်။

K Link Company Limited သည် Kaspersky Products များရောင်းချနေသော Reseller များအားလုံးကို လိုအပ်သည့် Products Support, Technical Support ဖြင့် Marketing ပြုလုပ် ရာတွင်အထောက်အကူပြုနိုင်မည့် အစီအစဉ်များကို ညှိနှိုင်း တိုင်ပင်ရန်ဖြစ်သဖြင့် စိတ်ဝင်စားကြောင်း သိရသည်။

ထို့အပြင် K Link Company မှ တိုက်ရိုက်ရန်ထားခြင်းမရှိသည့် Reseller များကိုလည်း ပိုမိုကောင်းမွန်သည့်စနစ်ဖြင့် မြန်မာနိုင်ငံတဝန်းလုံးတွင် ရောင်းချနိုင်ရန်လိုအပ်သည့် Marketing Support, Tchnical Support များစွေ့ဆွဲနိုင်ရန်ပါ ဖိတ်ခေါ်ထားသည်။

ယင်းပွဲသို့နယ်များမှတက်ရောက်မည့်သူများကို K Link မှတည်းခိုရန်နေရာများစီစဉ်ပေးခြင်းအပြင် စားစရိတ်များထုတ်ပေးနိုင်ရန်စီစဉ်ထားကြောင်းသိရသည်။ စိတ်ပါဝင်စားသူအားလုံးသည် K Link Company Limited No.1, Building 4, Myanmar Info Tech Park, Hlaing Compus, Yangon, Myanmar, Tel- 951-507 215, 507 216 Fax: 951-507 412 Mobile: 09-314 1828 , Sandra@newklink.com သို့ တိုက်ရိုက်ဆက်သွယ်နိုင်ပါသည်။

Android ဖုန်းများအတွက်မြန်မာဖောင့်ထည့်သွင်းရန် MMAS Zawgyi Changer 2 ကို Version 1.0.4 အဖြစ်ထပ်မံထုတ်ပေး

လှိုင်မင်းဒေအောင်

Android ဖုန်းများတွင်မြန်မာဖောင့် ထည့်သွင်းရန် Mobile Software ဖြစ်သော MMAS Zawgyi Changer 2 ကို Version 1.0.4 အဖြစ်ထပ်မံထုတ်ပေးလိုက်ကြောင်းသိရသည်။ ဒီ Version တွင် Android 4.1 မှာပြန်မာစာအတော်လေး အဆင်ပြေတယ်၊ မှန်တယ်ဟု နာမည်ကြီးနေတဲ့ Dancing zawgyi Font ကိုပြန်မာစာအရေး၊ အဖတ်ပါမှန်သောကီး ဘုတ်နှင့်တကွထည့်သွင်းပေးမယ့် Feature ကိုထပ်မံထည့်သွင်းပေးထားကြောင်းသိရသည်။

အပြားသော Font များဖြစ်တဲ့စံပြန်မာ၊ ဖောင်ကို (Original) ၊ ဖောင်ကို Font For Sony, Smart Zawgyi စတဲ့ Font များကိုလည်း ပြန်မာစာအရေး၊ အဖတ်ပါမှန်သောကီးဘုတ်နှင့်တကွ အလွယ်တကူပြောင်းလဲအသုံး ပြုနိုင်မှာ ဖြစ်ကြောင်းသိရသည်။ Myanmar Font Fix Tool များလည်း MMAS Zawgyi Changer 2 v1.0.4 ကို အသုံးပြုရန်အတွက် ဖုန်းမှ Root လုပ်ထားဖို့ရန်လိုအပ်ကြောင်းသိရသည်။

MMAS Zawgyi Changer 2 v1.0.4 for Android (Latest Update) ကိုအသုံးပြုရွှင်လွှင် http://www60.zippyshare.com/v/25412099/file.html တွင်ရယူနိုင်ပါသည်။

MICT Park ရှိ Myanmar-Koera IT Training Center တွင် သင်တန်းသစ်များ ထပ်မံဖွင့်လှစ်

လှိုင်မင်းဇေအောင်

ဓါတ်ပုံ - အေးမြမိုး

Myanmar- Korea IT Training Center တွင်သင်တန်းများထပ်မံဖွင့်လှစ်မည်ဖြစ်ကြောင်းသိရသည်။ Myanmar-Korea IT Training Center ၏ ဖိတ်ကြားမှုဖြင့် Korea Aerospace University မှဘွဲ့ရ အိုင်တီပညာရှင်များလာရောက်၍ Database Management Syatem နှင့် Mobile Android Application Development Course သင်တန်းများကို ၂၀၁၃ ခုနှစ်စက်တင်ဘာလအတွင်း ဖွင့်လှစ်မည်ဖြစ်ရာ Programming Concept ရှိသူများ Database Knowledge နှင့် Java Programming အခြေခံ တတ်မြောက်ထားပြီးလုပ်ငန်းခွင်ဝင်လိုသူများ၊ လက်တွေ့ပိုင်းကျွမ်းကျင်စွာတတ်မြောက်လိုသူများ အိုင်တီလုပ်ငန်းခွင်တွင်လက်တွေ့လုပ်ကိုင်နေပြီး အဆင့်မြင့် နည်းပညာများကိုဆက်လက်လေ့လာလိုသူများတက်ရောက်နိုင်သည်။ ထို့သင်တန်းသို့ကွန်ပျူတာအသင်းဝင် IT Company များကိုဦးစားပေးအစီအစဉ်ဖြင့် MCPA, MCIA အသင်းဝင်ကုမ္ပဏီများမှဝန်ထမ်းများနှင့် အသင်းဝင် Member များကို 20% Discount ပေးသွားမည် ဖြစ်ပြီး နည်းပညာဖြန့်ပွားရေးအစီအစဉ်အရသင်တန်းကြေးများကိုလည်း လျော့ထားပေးပြီး၊ သင်တန်းသားဦးရေကန့်သတ်ထားခြင်းလည်း သိရသည်။

အသေးစိတ်သိရှိလိုသူများနှင့်စာရင်းပေးသွင်းလိုသူများအဆောင်(၁) MICT Park, တယ်လီဂမ်းများလိုင်နယ်မြေ မြန်မာနိုင်ငံကွန်ပျူတာအသင်းရုံး၊ ဖုန်း- 01-652 307၊ 09-732 573 77 သို့ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ပါသည်။

Mobile Android Application Development Course သင်တန်းကို ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ (၉) ရက် မှ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ၊ (၄)ရက်အထိ (၄) ပတ်ကြာ သင်တန်း ကာလသတ်မှတ်ထားပြီး တစ်ပတ်လျှင် (တနလာ မှ သောကြာ)၅ရက်သင်ကြားပြသမှာ ဖြစ်ပြီး အချိန်(၉နေ့လည်း၃၀နာရီမှာ၄း၃၀နာရီထိ) တစ်ရက်၃နာရီသင်ကြားပို့ချသွားမှာဖြစ်ကြောင်းသိရသည်။

Data Base Management System Course သင်တန်းကို ၂၀၁၃ ခုနှစ်စက်တင်ဘာလ (၉) ရက်မှ ၂၀၁၃ ခုနှစ်အောက်တိုဘာလ(၄)ရက်ထိ(၄)ပတ်ကြာသင်တန်းကာလသတ်မှတ်ထားပြီး တစ်ပတ်လျှင် (တနလာ မှ သောကြာ) ထိတစ်ပတ် (၅) ရက်သတ်မှတ်ထားပြီးအချိန်မှာ(ညနေ၄း၃၀ နာရီမှာ ၇း၃၀ နာရီထိ) တစ်ရက်၃နာရီသင်ကြားပို့ချသွားမှာဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် မှ ကြီးမှူး၍ (၇) နိုင်ငံ အသိအမှတ်ပြု စာမေးပွဲများ အကြောင်း ဟောပြောပွဲ ပြုလုပ်ကျင်းပမည်

၀၀၀၀

၂၀၁၃ ခုနှစ်ဩဂုတ်လ ၁၀ ရက်နေ့(စနေနေ့) တွင် Conference Hall နှင့် MICT Park တို့တွင်မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှကြီးမှူး၍(၇)နိုင်ငံအသိအမှတ်ပြုစာမေးပွဲအကြောင်းဟောပြောပွဲ ပြုလုပ်ကျင်းပသွားမည်ဖြစ်ကြောင်းသိရှိရပါသည်။ အဆိုပါ ဟောပြောပွဲတို့ ITPEC မှ ပြုလုပ်ကျင်းပလျက်ရှိသည့်စာမေးပွဲများအကြောင်း ဟောပြော သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါဟောပြောပွဲသို့ဝိဇ္ဇာတို့အလုပ်အကိုင်တိုးတိုးတိတ်အသုံးချစီမံခန့်ခွဲလိုသူများ၊ လက်ရှိ IT ဖြင့်အလုပ်လုပ်ကိုင်နေကြသောဘဏ် ဝန်ထမ်းများ Computer နည်းပညာကို လေ့လာနေသောကျောင်းသား/သူများနှင့်တက္ကသိုလ် မှဆရာ/ဆရာမများအပါအဝင် စိတ်ဝင်စားသူမည်သူမဆိုအစမဲတက်ရောက် ဆွေးနွေးနိုင်ပါကြောင်း သိရှိရပါသည်။ အသေးစိတ် သိရှိလိုပါကမြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ရုံးခန်း၊ အဆောင်(၁)၊ အခန်း(၂)၊ MICT Park ၊ ဖုန်း- 01-652 307၊ 09-732 573 77သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း သိရှိရပါသည်။

IKBZ ပတ္တလိက အာမခံ ကုမ္ပဏီမှ နယ်မြို့များတွင်ပါ ရုံးခွဲများ ထပ်မံ တိုးချဲ့သွားရန် စီစဉ်

ဓါတ်ပုံ - အေးမြမိုး

လှိုင်မင်းဇေအောင်

မြန်မာနိုင်ငံတော်အစိုးရမှ ပုဂ္ဂလိကအာမခံလုပ်ငန်းလုပ်ကိုင်နိုင်ရန်တရားဝင်လိုင်စင်ထုတ်ပေးခဲ့သည့်ကုမ္ပဏီ (၅)ခုမှတစ်ခုဖြစ်သော IKBZ Insurance Co., Ltd မှာအာမခံ ကုမ္ပဏီ ရုံးခွဲများကို မြန်မာနိုင်ငံတွင်း နယ်မြို့များတွင် တိုးချဲ့ဖွင့်လှစ်သွားရန်စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း IKBZ Insuance Co.,Ltd မှတာဝန်ရှိသူတစ်ဦးထံမှသိရသည်။

တိုကဲ့သို့ရုံးခွဲများတိုးချဲ့ဖွင့်လှစ်ရာတွင်ပဏာမအဆောင့်အနေနှင့်အာမခံလုပ်ငန်းများလုပ်ကိုင်နေသော မြို့ကြီးများ ဖြစ်သည့် မန္တလေး၊ မော်လမြိုင်၊ တောင်ကြီးမြို့များမှာစတင်ဖွင့်လှစ်သွားမည်ဖြစ်ပြီးနောက်ပိုင်းအဖြောင်မြို့များတွင် IKBZ အာမခံကုမ္ပဏီရုံးခွဲများထပ်မံတိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုလက်ရှိ မန္တလေး၊ မော်လမြိုင်နှင့်တောင်ကြီးမြို့များတွင် အာမခံရုံးခွဲများဖွင့်လှစ်ရန်စီစဉ်ဆောင်ရွက်မှုများပြုလုပ်လျက်ရှိရာမြန်မာ့အာမခံကြေးကြေပဓေလုပ်ငန်းမှတရားဝင်ခွင့်ပြုချက်တောင်းခံသွားမည်ဖြစ်ပြီးထို့မြို့ကြီးငုံမြို့တွင်အာမခံရုံးခွဲဖွင့်လှစ်မှုမှာ လာမည့် ဩဂုတ်လလယ်ဝိုင်းမှသာစတင်ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ IKBZ Insurance Co., Ltd ကိုပြီးခဲ့သည့်ဇွန်လ၁၂ရက်နေ့တွင်စတင်ဖွင့်လှစ်ခဲ့ပြီးအာမခံလုပ်ငန်းများမှာမီးအာမခံ၊ အလုံးစုံမော်တော်ယာဉ်အာမခံ၊ အသက်အာမခံ၊ ခွေးသားလုံခြုံမှုအာမခံ၊ ငွေပို့ငွေလွှဲအာမခံနှင့်သမာဓိအာမခံတို့ကိုလုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

အာမခံလုပ်ငန်းမှာပြည်တွင်းပိုင်းမှာဒေသလုပ်ငန်းများကိုအကြောင်းတစုံတရာကြောင့် ပျက်စီး ဆုံးမှုမှုဖြစ်ပေါ်ခြင်းမှအဓိကကူညီပံ့ပိုးအထောက်အကူပြုနိုင်သောလုပ်ငန်းတရပ်ဖြစ်သည့် အတွက် ယခုကဲ့သို့အာမခံကုမ္ပဏီများပုဂ္ဂလိကလုပ်ကိုင်ခွင့်ပြုခြင်းအတွက်ပြည်သူများအကျိုးဖြစ်မှာမှားကိုတစ်နည်းအားဖြင့်ကာကွယ်ရာရောက်ပါသည်။

1212 နှင့် 1211 Call Center တွင် အထွေထွေမဟုသုတများ မေးမြန်းနိုင်

လှိုင်မင်းဇေအောင်

1212 Call Center မှမိုဘိုင်းဖုန်းဝန်ဆောင်မှုအချက်အလက်များ၊ ဝန်ဆောင်မှုအချက်အလက်များကိုအခြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ယခုလက်ရှိ 1212 Call Center တွင် MECTEL CDMA 800MHz SIM Card နှင့်ဆွဲငြိုးကြိတ်ဆိုင်ရာအချက်အလက်များ၊ လေကြောင်းလိုင်း နှင့် ခရီးသွားလာမှုဆိုင်ရာအချက်အလက်များ၊ ဟိုတယ်နှင့်စားသောက်ဆိုင်ဆိုင်ရာအချက်အလက်များ၊ ပညာရေးနှင့်ဘဏ်လုပ်ငန်းဆိုင်ရာ၊ နေပြည်တော်အစိုးရဝန်းလိပ်စာများ၊ ဖုန်းနံပါတ်များ၊ ဗေဒင်ဆိုင်ရာ ဝန်ဆောင်မှုများ၊အိမ်ခြံမြေဆိုင်ရာအချက်အလက်များ၊ Wedding ဆိုင်ရာအချက်အလက်များ၊ အလုအပဆိုင်ရာအချက်အလက်များ၊ ဥပဒေရေးရာနှင့်ကွန်းမာရေးဆိုင်ရာအချက်အလက်များနှင့်အထွေထွေအချက်အလက်များကိုလည်း ဖြေကြားပေးနေပြီဖြစ်ကြောင်းသိရသည်။ 1212 အပြင် 1211 Call Center သို့လည်း ဆက်သွယ်မေးမြန်းနိုင်သည်။ 1211 တွင် ပြည်တွင်းပြည်ပဘောလုံးပွဲ ရလဒ်များ၊ အချိန်များ၊ ဘောလုံးပွဲလူစာရင်းများ၊ ပွဲကြိုသတင်းများကိုလည်းဖြေကြားလျက်ရှိကြောင်း သိရသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါ ခေါ်ယူ

ဓါတ်ပုံ - အင်တာနက်

လှိုင်မင်းဇေအောင်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်းတွင်ဖြန့်ဝေယူလိုကြောင်း သိရသည်။ ဝယ်ယူလိုသည့်ပစ္စည်းများမှာ Overhead Cable & Underground Cable (2)Item, လိုင်းပစ္စည်း- (14) Item, Drop Wire (2×0.8mm)-(50000) Meters, Computer Table, Chair နှင့် ဘီဒို-(4)Items, Web Server & Accessories-(9)Items, Video Conferencing Device & Accessories-(6)Items, VPS (3KVA) Auto Voltage Regular-(44) Items, Battery-(2) Items, Motorcycle - (50) Unites, Engine Generator-(3) Items, ရုံးသုံးစက်ပစ္စည်း - (7) Item, Letter Scale, Parcel Scale နှင့် Hand Held Metal Detector-(3) Item, Vacuum Cleaner-(5)Items , Aircon-(5) Items, Inverter, 3KVA Voltage Regulator & Charger -(4)Nos စသည်များဖြစ်သည်။

တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀ ကျပ်နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ဩဂုတ်လ ၁၉ ရက်နေ့ မွန်းလွဲ ၁ နာရီတွင် တင်ဒါ ဖိတ်သိမ်းမည်ဖြစ်ကြောင်း သိရသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါကမြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (ပစ္စည်းဌာန) အမှတ်(၄၃)၊ ဗိုလ်အောင်ဓနုလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- 01-380 231၊ 01-384 722 တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

TOP 5 Phones

စွမ်းဆောင်ရည်မြင့်ထိပ်တန်း Phablets ၅ လုံး

LG optimus G Pro

LG ဟာ Optimus G ကိုအဓိကဦးဆုံးရွယ်သည်းဈေးကွက်ထဲကို ပို့ဆုံနဲ့မပြီးသေးပါဘူး။ အခုနောက်ဆုံးအနေနဲ့ မြည်တွင်းကို ဝင်ရောက်လာတာကတော့ မျက်နှာပြင် ၅.၅ လက်မနဲ့ Optimus G Pro ဖြစ်ပါတယ်။ မေတ်ဖုန်းလောကမှာတော့ မျက်နှာပြင် အရွယ်အစား ၅လက်မကျော်ရင် Phablet လို့ခေါ်တွင် နေကြတာကြောင့် Optimus G Pro ကလည်းစွမ်းဆောင်ရည်မြင့် Phablet တစ်လုံးပါပဲ။ Processor ကို 1.7GHz အမြန်နှုန်းရှိတဲ့ Quad Core Processor ကိုအသုံးပြုပေးထားပြီး RAM ကိုလည်း 2GB အထိထောက်ပံ့ပေးထားတာကြောင့် စွမ်းဆောင်ရည်မြင့် Phablet တစ်လုံးလို့ခေါ်တွင်စေခဲ့တာပါ။ဒါ့အပြင်ဝုန်းဒဲ့ဒိုင်းကလည်းထူး ခြားနေတော့လက်ရှိအရောင်းသွက် နေတဲ့ Phablets တွေအတွက်တော့ ဝိုးဝိုးမိမိစရာပါ။

ဈေးကွက်ထဲကိုဝင်ရောက်လာတာသိပ်မကြာသေးပေမယ့် ဈေးကွက်ထဲမရောက်ခင်ကတည်းက ဝယ်ချင်သူတွေများနေလေတော့ LG ဟာ Opimus G Pro နဲ့ Phablet လောကမှာမှတ်တိုင်စိုက်ထူဖုံးမှာပါ။ မြည်တွင်းကိုတော့ ပြီးခဲ့တဲ့ ရက်အနည်းငယ်ကမှဝင်ရောက် လာတာဖြစ်လို့ ဆိုင်တိုင်းမှာတော့မရနိုင်သေးပါဘူး။ ရှင်လွှတ်ကောင်း မွန်ဖို့အတွက်လည်း နောက်ဆုံးပေါ် Adreno 320 GPU ကိုအသုံးပြုပေးထားပြီး ကင်မရာထောက်ပံ့မှုအတွက် 13 MP အနောက်ကင်မရာတစ်လုံးနဲ့ 2.1 MP အရှေ့ကင် မရာတစ်လုံးကိုပါထောက် ပံ့ပေးထားပါတယ်။

- Network 4G LTE
- Display - 5.5" True Full HD IPS Plus LCD Touchscreen
- Processor – 1.7 GHz Quad Core
- RAM – 2 GB
- Storage – 16/32 GB
- Camera - 13 Megapixel (Primary) , 2.1 Megapixel (Secondary)
- OS – Android 4.1.2 (Jelly Bean)
- Battery – 3140 mAh
- ဝယ်ယူနိုင်မည့်နေရာ : Phone Corner (Mobile Centre)
- ဖုန်း : 09-540 6096

2 Huawei Ascend Mate

Huawei ကလည်း Phablet မထုတ်ဘူးလို့မထင်လိုက်ပါနဲ့။ Huawei ကထုတ်ထားတဲ့ Ascend Mate ဟာ မျက်နှာပြင် ၆.၁ လက်မရှိတာကြောင့် Phablet စာရင်းဝင်ခဲ့ပါတယ်။ Processor အမြန်နှုန်းကလည်း 1.5 GHz Quad Core ရှိပြီး Micro SIM အသုံးပြုတဲ့ Phablet တစ်လုံးလည်းဖြစ်ပါတယ်။ မျက်နှာပြင်ကို ကာကွယ်ပေးဖို့အတွက် Gorilla Glass ကိုထည့်သွင်းပေးထားပြီး Huawei ရဲ့ Emotion UI ကိုထည့်သွင်းပေးထားတာကြောင့် Root မလုပ်ပဲ မြန်မာစာသွင်းလို့ ရပါတယ်။ဘက်ထရီပမာဏကလည်း 4050 mAh အထိခံစွမ်းရန်ပါဝင်ပါတယ်။

ဈေးနှုန်း ၃၃၅,၀၀၀ ကျပ်ဝန်းကျင်

Specifications

- Network 3G
- Display 6.1" IPS+ LCD Touchscreen
- Processor 1.5 GHz Quad Core
- RAM 2GB
- Storage 16 GB
- Camera 5 Megapixel (Primary) , 1 Megapixel (Secondary)
- OS Android 4.1 (Jelly Bean)
- Battery 4050 mAh
- ဝယ်ယူနိုင်မည့်နေရာ : Huawei Showroom
- ဖုန်း : 01-820 4749

3 Sony Xperia Z Ultra

ကမ္ဘာအကြီးဆုံး Phablet ဆိုပြီးအရောင်းသွက်နေပေမယ့် အကောင်းစားPhablet တွေထဲမှာတော့ နိုင်ငံတကာ မှာနောက်ဆုံးထွက် ရှိထားတဲ့ Phablet တစ်လုံးပါ။ Processor အမြန်နှုန်းကလည်း 2.2 GHz Quad Core ရှိပြီး ဘယ် Phablet မှာမှမသုံးထားသေးတဲ့ Snapdragon 800 Processor ကိုအသုံးပြုထားပါတယ်။ မျက်နှာပြင်အကျယ်အဝန်း ၆.၄ လက်မရှိပြီး ပြီးခဲ့တဲ့ ICT Fair ပြသွဲရောက်မှ မြည်တွင်းစေ့ကွက် ကိုဝင်ရောက်လာခဲ့တဲ့ Phablet တစ်လုံးပါ။ ထုထည်အနေနဲ့လည်း အတော်ကိုပါလွှာတာကြောင့် သယ်ဆောင်ရလွယ်ကူစေမှာပါ။

ဒေါ်၂,၀၀၀ ကျပ်ဝန်းကျင်

Specifications

- Network – 4G LTE
- Display – 6.4" Trilluminous Touchscreen
- Processor – 2.2 GHz Quad Core
- RAM – 2GB
- Storage – 16 GB
- Camera – 8 Megapixel (Primary), 2 Megapixel (Secondary)
- OS - Android 4.2 (Jelly Bean)
- Battery – 3050 mAh
- ဝယ်ယူနိုင်မည့်နေရာ : Sony Showroom
- ဖုန်း : 01-546 008

4 Samsung Galaxy Mega 6.3”

Samsung ကတော့ သူထုတ်နေကျPhabletတွေထက် ထူးခြားတဲ့ Galaxy Mega အရွယ်အစားနှစ်မျိုးကို ထုတ်လုပ်ထားပါတယ်။ မျက်နှာပြင် ၆.၃ လက်မရှိတဲ့ Galaxy Mega ကတော့ 4G LTEကွန်ယက် ကိုထောက်ပံ့ပေးထားပါတယ်။ မျက်နှာပြင်အမျိုးအစားက တော့ SC-LCD ကို အသုံးပြုပေးထားပြီး Resolution 720x1280 Pixel အထိ ထောက်ပံ့ပေးနိုင်ပါတယ်။ OS ကို Android 4.2.2 (Jelly Bean) ထည့်သွင်းပေးထားပြီး S IV မှာပါဝင်တဲ့ Features တွေအကုန်ရရှိမယ့် Phablet တစ်လုံးဖြစ်ပါတယ်။ ကင်မရာ 8 Megapixelထောက်ပံ့ပေးထား ပြီး HD Video တွေရိုက်ကူးနိုင်အောင်အထိမြှင့်ထားပါတယ်။

ဂ၀၀,၀၀၀ ကျပ်ဝန်းကျင်

Specifications

- Network 4G LTE
- Display 6.4" SC-LCD Touchscreen
- Processor 1.7 GHz Dual Core
- RAM 1.5GB RAM
- Storage 8GB/16 GB
- Camera 8 Megapixel (Primary) , 1.9 Megapixel (Secondary)
- OS Android 4.2.2 (Jelly Bean)
- Battery 2800 mAh
- ဝယ်ယူနိုင်မည့်နေရာ : Samsung Showroom
- ဖုန်း : 01-546 008

5 Lenovo S920

Lenovo Phablet ကောင်းလားဆိုတဲ့ မေးခွန်းတွေကို စမတ် ဖုန်းလောကမှာအမြဲကြားနေရပါတယ်။Lenovo ကထုတ်ထားတဲ့ S920 ဖုန်းကတော့ မျက်နှာပြင် ၅.၃ လက်မရှိတဲ့ Phablet တစ်လုံး လည်းဖြစ်ပါတယ်။ 1.2 GHz အမြန်နှုန်းရှိတဲ့ Quad Core Processor ကိုအသုံးပြုပေးထားပြီးGPU ကိုလည်း Galaxy SIV မှာအသုံးပြု ထားတဲ့ PowerVR SGX544 ကိုထည့်သွင်းအသုံးပြုပေးထားပါတ ယ်။ Android OS ကိုလည်း 4.2 (Jelly Bean) အသုံးပြုပေးထားတဲ့ အတွက်နောက်ဆုံးပေါ်ဖုန်းဖြစ် တယ်ဆိုတာသိသာစေပါတယ်။

၂၃၉,၀၀၀ ကျပ်ဝန်းကျင်

Specifications

- Network 3G
- Display 5.3" IPS LCD Touchscreen
- Processor 1.2 GHz Quad Core
- RAM 1GB
- Storage 4 GB
- Camera 8 Megapixel (Primary) , 2 Megapixel (Secondary)
- OS Android 4.0 (Jelly Bean)
- Battery 2050 mAh
- ဝယ်ယူနိုင်မည့်နေရာ - Unique Mobile Centre
- ဖုန်း - 01 - 295 426

headtohead Comparison

Samsung Galaxy Mega 6.3 Vs Huawei Ascend Mate

အခုတစ်ပတ် မှာဒီ ၂ လုံးနှိုင်းယှဉ်ဖို့နေတဲ့အတွက် လောလောလတ်လတ် ဆော်ဘေးနေတဲ့ ဖျက်ရှာပြင်ကျယ်မှုနဲ့ ၂ လုံးကို ဖော်ပြချင်ပါတယ်။ Samsung Galaxy Mega 6.3 နဲ့ Huawei Ascend Mate ၂ မျိုးလုံးက ဖျက်ရှာပြင် အရွယ်အစားကြီးမားခြင်း၊ စွမ်းဆောင်ရည်သာတော်ခြင်း အရေးပြုဖို့နေတဲ့အတွက် ယှဉ်ပြိုင်ဘက်ဆွေ ဖြစ်ပါတယ်။ ၎င်းတို့ အနေနဲ့ Specification ဖြင့်မားတဲ့ နောက်ဆုံးပေါ် HD စတက်မှုန်းထွေကို ယှဉ်ပြိုင်ခိုင်းဆိုပေမယ့်လည်း အလယ်လတ်တန်း ဖျက်ရှာပြင်ကျယ်စတက်မှုန်း တွေ့ဝဲမှာ အကောင်းဆုံးဖြစ်တယ်ဆိုပြီ ပြောချင်ပါတယ်။

>> Huawei Ascend Mate

Display	: 6.1 inches, 1280 x 720 pixels
Memory	: 2 GB
Camera	: 8MP (Primary), 1 MP (Secondary)
Performance	: Quad-core 1.5GHz

>> Galaxy Mega 6.3

Display	: 6.3 inches, 1280 x 720 pixels
Memory	: 1.5 GB
Camera	: 8MP (Primary), 1.9 MP (Secondary)
Performance	: Dual-core 1.7GHz

Processor

Processor နေရာကို ကြည့်မယ်ဆိုရင်တော့ Ascend Mate က ပိုမြန်ပါတယ်။ ၎င်းက Quad-core ကိုအသုံးပြုထားတဲ့အတွက် application များဆော်တိုက် အသုံးပြုရာမှာတစ်ဝေ့ပြင်းရှိမှာမဟုတ်ပဲ ဖုန်းကလည်း သွက်လက်ဖျက်ရှာနေမှာဖြစ်ပါတယ်။ ဒါပေမယ့် သူ့မှာထူးခြားတာကတော့ စတက်ဖုန်းအများစုသုံးအသုံးပြုကြတဲ့ Snapdragon processor ကို အသုံးမပြုထားခြင်း ဖြစ်ပါတယ်။ ဒါပေမယ့်လည်း quad-core 1.5 GHz ဆိုတာကတော့ စိတ်ကျေနပ်စရာအဖျက်ပဲဖြစ်ပါတယ်။

ဒီနေရာမှာတော့ Galaxy Mega က Huawei ထက် နိမ့်သွားတာကိုတွေ့ရပါတယ်။ Dual-core သာ အသုံးပြုထားခြင်းက အသုံးပြုမယ့် သူတွေအတွက် မျက်နှံးပင့်စရာအချက် တစ်ခု ဖြစ်နေတာ အသေအချာပါပဲ။ ဒါပေမယ့် ထူးခြားတာက Mega အတွင်းမှာ ဂိမ်းကစားခြင်းကို အထောက်အကူပြုနိုင်တဲ့ GPU ကို Adreno 305 ကိုအသုံးပြုထားတဲ့အတွက် မျက်နှာပြင်ကျယ်ကျယ်မှာ ဂိမ်းကစားလို့ကတော့ ရှယ်ကောင်းမှာဖြစ်ပါတယ်။

Design

Ascend Mate ရဲ့ ဒီဇိုင်းက အသင့်အတင့် ရှိတယ်လို့ ပြောရပါမယ်။ ၆.၁ လက်မဆိုတာကတော့ မျက်နှာပြင်ကျယ်တွေတဲ့ သာမန် အရွယ်အစားတစ်ခု ဖြစ်ပါတယ်။ ၎င်းက ပါးလွှာပေါ့ပါးပြီး ဘောင်းဘီအိတ် ထဲလည်း ထည့်ရို့ အဆင်ပြေတာတွေ့ရပါတယ်။ ဒါ့အပြင် Mate က Huawei ရဲ့ ကိုယ်ပိုင်စတိုင်ကနေ ကွဲထွက်ပြီး ဂေးဇထောင့်ကျကျ ပုံသဏ္ဌာန်ဖြစ်နေခြင်းကအသုံးပြုသူတွေကို အသစ်အဆန်းဖြစ်စေပါတယ်။

Mega ရဲ့ မျက်နှာပြင် အရွယ်အစားက Mate ထက် အနည်းငယ် ကျယ်ပါတယ်။ ၎င်းကလည်း Samsung ရဲ့ Note စီးရီးပုံစံလိုဖြစ်ပြီး ပေါ့ပေါ့ပါးပါး အသုံးပြုနိုင်တာတွေ့ရပါတယ်။ ဒီဇိုင်းပုံစံကတော့ Samsung ရဲ့ ကိုယ်ပိုင်ဟန် အတိုင်း လုံးလုံးလန်းလန်း ပုံသဏ္ဌာန်ပဲဖြစ်ပြီး Note 2 လောက် ထူထဲမှု မရှိတာက စိတ်ကျေနပ်စရာပါပဲ။

Camera

ကင်မရာပိုင်းမှာတော့ Mate က 8MP ရှိပါတယ်။ ထူးထူးခြားခြားပဲ HD ဒီဒီယိုများကို ဖမ်းယူနိုင်တာ တွေ့ရပါတယ်။ ဒါ့အပြင် ပုံရိပ် သိပ်သည်းမှု မြင့်မားတဲ့အတွက် ဓါတ်ပုံပုံရိပ်တွေက ကျစ်လစ်နေမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ရှေ့ကင်မရာက 1MP ပဲ ရှိတာကတော့ အနည်းငယ် စဉ်းစားရမယ့်အချက်ပဲ ဖြစ်ပါတယ်။

Galaxy Mega ရဲ့ကင်မရာကလည်း Mate နည်းတူ 8MP ရှိပါတယ်။ Mate ထက် ကင်မရာပိုင်းမှာ သာလွန်တဲ့ အချက်ကတော့ ရှေ့ကင်မရာက 1.9 MP ရှိတာပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကိုယ်ပုံကို မိုက်ကူးမယ့် သူတွေအတွက်ကတော့ ဒီဂျီပို့မီးအရောင်အသွေးမြင့် ရှေ့ကင်မရာပါဝင်မှုက စိတ်ကျေနပ်စရာ အချက်တစ်ခု ဖြစ်နေပါလိမ့်မယ်။

Display

Ascend Mate ရဲ့ မျက်နှာပြင်က LCD တွေတဲမှာ အကောင်းဆုံးဖြစ်တဲ့ IPS+LCD ကို အသုံးပြုထားတာတွေ့ရပါတယ်။ ဒါပေမယ့် Full HD တော့ တွက်ရှိခြင်း မရှိပါ။ တစ်စုံရှိတာကတော့ ၎င်းရဲ့ ပုံရိပ်သိပ်သည်းမှုက Galaxy Mega ထက် မြင့်မားတဲ့ 241ppi ရှိတဲ့အတွက် ဓါတ်ပုံရိုက်ကူးခြင်း၊ ပုံရိပ် ဖော်ထောင်ခြင်းတို့က စိတ်ကျေနပ်ဖို့ ကောင်းနေပါလိမ့်မယ်။

Galaxy Mega ရဲ့ ပုံသဏ္ဌာန်က Note 2 လိုစိုပေမယ့်လည်း ၎င်းရဲ့ မျက်နှာပြင်က သာမန် SC-LCD မျက်နှာပြင်သာဖြစ်ပြီး Full HD လည်း မရှိပါဘူး။ ဒါ့အပြင် ပုံရိပ်သိပ်သည်းမှုကလည်း 233 ppi သာရှိတဲ့အတွက် Mate နဲ့ယှဉ်မယ်ဆိုရင်တော့ မျက်နှာပြင် ကျယ်တယ် ဆိုပေမယ့် ရှင်း ထွက် အနည်းငယ် ဖွာနေတာကို တွေ့ရပါလိမ့်မယ်။

Other

Huawei ပရိသတ်တွေအနေနဲ့ ဒီလိုမျိုး မျက်နှာပြင်ကျယ် ဖုန်းတစ်လုံးက စွမ်းဆောင်ရည်အနေနဲ့ကြည့်မယ်ဆိုရင်လည်း သင့်တော်သလို ပါဝင်တဲ့ ပစ္စည်းတွေကလည်း သင့်တင့်တာကို တွေ့ရပါတယ်။ ဒါ့အပြင် ဖုန်းရဲ့ စွမ်းဆောင်ရည် ကလည်း ကျေနပ်စရာပါပဲ။ ပါဝင်တဲ့ Emotion UI ကလည်း အခြား Huawei ဖုန်းတွေထက် သာလွန်နေပြီး Huawei ဖုန်းတွေတဲ့ ပြောစမတ်တွင်ရတဲ့ ဖုန်းတစ်လုံးပဲ ဖြစ်ပါတယ်

Samsung ရဲ့ မျက်နှာပြင်ကျယ် ဖုန်းတွေတဲ့ Galaxy Mega က အထောက်ကူကို ပါးလွှာပါတယ်။ ဒါပေမယ့် ၎င်းက Mate လောက် စွမ်းဆောင်ရည်ပိုင်းမှာ သာလွန်ခြင်း မရှိတာပဲ ဖြစ်ပါတယ်။ Mate ထက် သာလွန်တဲ့ တစ်ခုတည်းသော အချက်ကတော့ ဂိမ်းကစားခြင်းမှာ အထောက်အကူ ပေးနိုင်တဲ့ GPU ပါဝင်ခြင်းပဲ ဖြစ်ပြီး၊ NFC ပါဝင်မှု 4G အထောက်အပံ့ ပေးနိုင်မှုတွေက နောက်ထပ်သာလွန်မှုတွေပဲ ဖြစ်ပါတယ်။

Android App ဖြင့် လေယာဉ်အချိန်ဇယားကြည့်ရှု၍ လက်မှတ်မှာယူနိုင်မည်

ဝဝဇ

၂၀၁၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့က ကိုလံဘတ်စ်စီး သွားလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးပြောကြားချက်အရ ပထမ ဆုံး လေယာဉ် စီးစဉ် အချိန်ဇယား ကြည့်ရှုပြီး လက်မှတ် မှာယူနိုင်မည့်စနစ်ကို Android မိုဘိုင်းဖုန်းများတွင် ပြည်တွင်းမှ ပြည်ပသို့ စီးသွားလာနေသူအဆင် ပြေစေရန်အတွက် အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရှိရပါသည်။ ဤ Application ၏ ထူးခြားချက်တွေကတော့ မြန်မာပြည်ကနေ စတွက်သည့် လေကြောင်း လိုင်းများ၏ အချိန်ဇယားများဖြစ်ပါသည်။ မြန်မာပြည်မှစတွက်မည့်လေကြောင်း လိုင်းများကိုကြည့်ရှုစုံစမ်းနိုင်မည့် Application တစ်ခုဖြစ်ပါသည်။ SMS စနစ်ဖြင့် အသုံးပြုပြီးကြိုတင် လက်မှတ်မှာ ယူနိုင်ရန်အတွက် SMS Service နှင့် ဤ Software ကို လင့်မိုတ်ထားခြင်းဖြစ်ပါသည်။ ထို့နောက် ဤ App မှလေကြောင်း စီးစဉ်နေ့ရက်၊ အချိန်စာရင်းများ ကြည့်ရှုပြီး လက်မှတ်မှာယူရာ၌ သူတွေအတွက် မိမိသွားချင် သည့် လေယာဉ်နေ့ရက်၊ အချိန်နေရာများကို SMS ဖြင့်တိုက်ရိုက်ကြို တင်မှာယူနိုင်ရန်လုပ်ဆောင်ပေးထားပြီး "လေယာဉ်နေ့ရက်အချိန်နေရာတွေကိုသိချင်သူ Customer များကမို့ပေးသော SMS တွင်အဆိုပါ Customer ရဲ့ ဖုန်းနံပါတ်ပါဝင်နေပြီးငှင်းကိုလေယာဉ် နေ့ရက်အချိန်နေရာတွေကိုမြင်ကြားပေးပါမည်။ Customer ကိုယ်တိုင်ရုံးသို့လာရောက်လက်မှတ်ထုတ်ယူပြီး ငွေပေးချေရမည်" ဟု ကိုလံဘတ်စ်မှ တာဝန်ရှိသူတစ်ဦး ကပြောကြားသွားပါသည်။

ကိုလံဘတ်စ် စီးသွားလုပ်ငန်းမှတာဝန်ရှိသူ ဦးလှမျိုးက **"တွန်ဓတ်တို့ ရဲ့ SMS ထဲကို လက်မှတ် မှာထားတဲ့အကြောင်း အရာတွေအားလုံး ဝင်ရောက်လာရင်တွန်ဓတ်တို့က ဝယ်ယူမယ့် သူတွေကို ဘယ်သွားချင်တာလဲ ဘယ်နေ့မှာတာတွေ့ ဒီလောက်ရှိ တယ်ဆိုတာကို Follow Up ပြန် လိုက်ပြီး SMS ပြန်ပို့ပေးမှာပါ။ နောက်တစ်ခုက ဘတင်းတွေပါ။ ကိုလံဘတ်စ် ဘာတွေလုပ်နေ တယ်နောက်ဘာတွေအသစ်ရှိလဲ ဆိုတာအသစ်ရှိရင် ကွန်ဓတ်တို့ က Update လုပ်ပေးမှာပါ။ Online ဖွင့်လိုက်တိုင်းသူဘာသာသူ Update တက်လာပါလိမ့်မယ်။ နောက်ပြီးလေကြောင်းလိုင်းတွေရဲ့ ဖုန်းနံပါတ်တွေအကြောင်းပါ။ ရန်ကုန်မြို့ကနေပြေးဆွဲနေတဲ့ပြည်တွင်း လေကြောင်းလိုင်းတွေရဲ့ ဖုန်းနံပါတ်တွေ အားလုံး ဒီအထဲမှာရှိပါတယ်"** ဟု အဆိုပါတာဝန်ရှိသူကပြောကြားထားပါသည်။

အဆိုပါ Android Application ကိုရှင်သူများအနေဖြင့် Google Paly တွင် Myanmar Flight ဟု ရိုက်လိုက်လျှင် ကိုလံဘတ်စ် Logo ရွက်လေလေး ပေါ်လာပါသည်။ နောက်ပြီး ဆွဲနေရန်ကုန်ပြို့ ရှိ Bluetooth ဆော့ဖ်ဝဲကို အစမဲ့ ရယူနိုင်မည် ဖြစ်ကြောင်း သိရှိရပါသည်။

Bundesliga, EPL, Serie A, Laliga စသည့် ဘောလုံးပွဲစဉ်များ၏ ပွဲစဉ်ရလဒ်များကို နံပါတ် ၁၈၈၉၀ မှ SMS ပို့ပေးမည့် အစီစဉ် ပြုလုပ်

လှိုင်မင်းအောင်

ဘော လုံး အား ကစား ပါသနာရှင်များအတွက် သတင်းကောင်းတစ်ခုဖြစ်သည့် မကြာခဏ တောင်တောမည့် Bundesliga, EPL, Serie A, LaLiga စသည့် ဘောလုံးပွဲစဉ် တစ်ခု ချင်းစီ၏ ပွဲပြီး ရလဒ်များနှင့် ပွဲစဉ်အားလုံး၏ ရလဒ်များကို SMS နံပါတ် 18890 မှ ပို့ပေးမည်ဖြစ်ပါကြောင်းသိရသည်။

ယင်းအစီအစဉ်ကို အသုံးပြုရှင်သူများအနေဖြင့် SMS 18890 သို့ ဖုန်းနံပါတ်နေရာတွင်ရိုက်ထည့်ကာ ပွဲစဉ်အားလုံး၏ရလဒ်များကိုလိုရှင်လျှင် ALLM စာရိုက်ထည့်၍ SMS ပေးပို့ရမှာဖြစ်ပြီးပွဲစဉ်အားလုံးအတွက် အသုံးပြုရှင်လျှင် တစ်ပတ်ကို ၂၀၀၀ ကျပ် ဖုန်းဘေလ်ထဲတွင် ဖြတ်မှာဖြစ်ကြောင်းသိရသည်။

China Mobile သည်ကွန်ယက်မိုတ် ဆက်မှုဝိုင်းတွင်GSMကွန်ယက်ကိုတရုတ် ပြည်မကြီးနှင့်ဟောင်ကောင်ဒေသတို့ကို ဝန်ဆောင်မှုပေးလျက်ရှိပြီး GPRS ဝန်ဆက် လည်းထောက် ပံ့ပေး ထား သည် ။ 3 G ကွန် ယက်ဆောက်ပုံမှုအတွက် ၂၀၁၂ ခုနစ်၌ အကောင်းဆုံးအဆင့်ကို ပြုလုပ် ပေးနိုင်ခဲ့ပြီးအသုံးပြုသူ ဦးရေသန်း၆၀ ကျော်ရှိလာခဲ့ရာ China Mobile ၏ ကွန် ယက်ကိုအသုံးပြုသူများနှင့်နှိုင်းစာလျှင် ၉ ရာခိုင်နှုန်းခန့်သာရှိသည်။ သို့သော် 3G ကွန်ယက်မိုတ်ဆက်မှု ကိုစတင်ခဲ့ဖို့နှစ် ၂၀၁၀ ခုနစ်တွင် ခဲ့ပြီး ၂၀၁၂ ခုနစ်၌ အ ကောင်းဆုံး ဝန်ဆောင်မှု အဖြစ်သို့ရောက် ရှိခဲ့သည်။ နိုင်ငံတကာနှင့်ရင်ဘောင်တန်း နိုင်မည့်4G ကွန်ယက် ကိုလည်း China Mobile မှ ၂၀၁၂ ခုနစ်မှာ စတင်လုပ် ဆောင်ခဲ့သည်။ သို့သော် ယခုထက်တိုင် 4G ဝန်ဆောင်မှုမရရှိနိုင်သည့် အတွက် လူသုံးများနေခြင်းမှာ စဉ်းစားစရာ အချက်တစ်ချက်ပင်ဖြစ်သည်။ သို့သော် တရုတ်နိုင်ငံ၌ လက်ရှိဝန်ဆောင်မှုပေးလျက်ရှိသော မည်သည့်ဆက်သွယ်ရေးကုမ္ပဏီများတွင်မှ 4G ကွန်ယက် ဝန်ဆောင် မှု ကိုမပေးစွမ်းနိုင် သော ကြောင့် China Mobileသည် တရုတ်နိုင်ငံတွင် နေရာရလျက်ရှိနေသည်။

Vodafone ဆက်သွယ်ရေးအော်ပရေတာမှာလည်းကမ္ဘာ့လူသုံးအများဆုံး အော်ပရေတာစာရင်းတွင် ဒုတိယနေရာတွင် နေရာယူလျက်ရှိသည်။ Vodafone မှာ Sony နှင့်Ericsson တို့ ပူးပေါင်း ထုတ်လုပ်ခဲ့သော မိုဘိုင်းဖုန်း အဓေတ်များများအား အဓိကတင်ပို့ရောင်းချခြင်းဖြင့် နာမည်ရခဲ့သော ဆက်သွယ်ရေးကုမ္ပဏီ တစ်ခုလည်း ဖြစ်သည်။ ထိုနည်းတူစွာပင် နိုင်ငံ အများအပြားသို့ ဆက်သွယ်ရေး အော်ပရေတာအဖြစ်ပြုလုပ်လျက်ရှိသော ကုမ္ပဏီတစ်ခုဖြစ်ပြီး Vodafone ၏ အသုံးပြုသူဦးရေ မှာ၂၀၁၂ ခုနှစ် နှစ်ကုန်ပိုင်း စစ်တမ်းကောက်ယူချက်အရ အသုံးပြုသူ ဦးရေမှာ ၄၄၆.၅ သန်းခန့်ရှိ နေကြောင်း Vodafone ၏ ကိုယ်ပိုင်ဝက်ဆိုက်များ၌ ဖော်ပြထားသည်။ ဖြိတိန်အ ခြေစိုက် Vodafone မှ အလုပ်သမားဦးရေပေါင်း စ သော ဒ်း အ ကျော် အ ထိနိ ုင် ငံ အ တွ က် အကျိုးပြုလျက်ရှိပြီး အကောင်းဆုံးဝန် ဆော ဒ် မှ များ ကိုဝ ပး လျ က် ရှိ သော ကုမ္ပဏီ တစ်ခုလည်းဖြစ်သည်။ကွန်ယက် ချိတ်ဆက်မှုအတွက် Vodafone မှ 3G ကွန်ယက်အပြင် 4G ကွန်ယက်ချိတ်ဆက် မှုများကိုလည်း ဥရောပနိုင်ငံများတွင် ဝန်ဆောင်မှု ပေးလျက်ရှိသည်။

အသုံးပြုသူဦးရေ အများဆုံးစာရင်း၌ နံပါတ် သုံးနေရာတွင် ရပ်တည်လျက်ရှိသော ဆက်သွယ်ရေးကုမ္ပဏီမှာ အိန္ဒိယနိုင်ငံအခြေစိုက် AirTel ကုမ္ပဏီဖြစ်သည်။ AirTel သည်အိန္ဒိယနိုင်ငံ၌ ဝန်ဆောင်မှု အကောင်းဆုံး ပေးလျက်ရှိသော ဆက် သွယ်ရေး အော်ပရေတာ တစ်ခုအဖြစ် သတင်းကြီးလျက်ရှိသော ကုမ္ပဏီတစ်ခု လည်းဖြစ်သည်။ အသုံးပြုသူ ဦးရေ ၂၆သန်း အထိအသုံးပြုလျက်ရှိသော ကုမ္ပဏီတစ်ခု ဖြစ်သည့်အပြင် 3G နှင့် 4G ကွန်ယက်တို့ကိုပါ ဝန်ဆောင်မှုပေးလျက် ရှိသည်။ ထို့အပြင် အရှေ့တောင်အာရှ နိုင်ငံများ အပါအဝင်နိုင်ငံပေါင်း ၂၀ကျော်၌ ဆက် သွယ်ရေးလုပ်ငန်းများလုပ်ကိုင် လျက်ရှိပြီး အိန္ဒိယနိုင်ငံ၏ အကြီးဆုံး ဆက်သွယ်ရေးအော်ပရေတာ တစ်ခု လည်းဖြစ်သည်။ဝန်ဆောင်မှုအားဖောင်း သော ကုမ္ပဏီတစ်ခုဖြစ်သည့်အပြင် နောက်ဆုံးပေါ် နည်းပညာများကို လည်းအသုံးပြုနိုင်သော အော်ပရေတာတစ်ခုဖြစ် တာကြောင့်နစ်စဉ် အမြတ်ခွေ ၄၁၉.၃၁ ဘီလီယံခန့် ရရှိနေသော ကုမ္ပဏီတစ်ခုဖြစ်သည်။ ထို့ကြောင့် အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံတွင် ယင်းကဲ့သို့ဆက်သွယ်ရေးနည်းပညာကို အကောင်းဆုံး ပြုလုပ်နိုင်တာကြောင့်ပြန်မာနိုင်ငံအန နည်းပညာလိုလား သူတို့အတွက်အခွင့်အလမ်းများစွာဖြစ်လာနိုင်ပေသည်။

ဆက်သွယ်ရေးနှင့်မိုဘိုင်းဖုန်းနည်းပညာများ တိုးတက်လာသည်နှင့်အမျှ ပြည်တွင်းအနေပြည် သူလူထုတို့၏လူနေမှုဘဝ များမှာတိုးတက်လာနိုင်ခြေများ စွာရှိသည်။ ယခုအ ချိန်တွင်ပြည်တွင်း၌ ဆက်သွယ်ရေးအော်ပရေတာများတင်ဒါဈေးပွဲပြုလုပ်ဆောင်လျက်ရှိရာ တရုတ်နိုင်ငံ၏ တိုးတက်အောင်မြင်လာမှုကိုနည်းလမ်းယူကာ ဖွံ့ဖြိုးတိုး တက်သောနိုင်ငံ ဖြစ်လာရန် ကြိုးပမ်းလျက်ရှိသည်။ China Mobile ကဲ့သို့လူသုံးများလျက်ရှိသည့် ဆက်သွယ်ရေး အော်ပရေတာ တစ်ခုလည်း ပါဝင်နေသောကြောင့် ပြည်သူလူ ထုအနေဖြင့် လည်း အလွန်အမင်း မျှော်လင့်ချက်များ အပေါ်ပါ ဆက်သွယ်ရေးအော်ပရေတာ အဖေါ်ရှိနေသည်။

China Mobile သည်လည်းနိုင်ငံပိုင် ဆက်သွယ်ရေးအော်ပရေတာဖြစ်သည့် အတွက်နိုင်ငံနှင့် ပြည်သူလူထုအပေါ် တစိုက်မတ်မတ် အကျိုးပြုလျက်ရှိ သော ကုမ္ပဏီဖြစ်သည့် အတွက်ယခုနေ့ အမြိန် တွင် လူသုံး အများဆုံး ဆက်သွယ်ရေး အော်ပရေတာ အဖြစ်သို့ ရောက်ရှိခဲ့သည်။ တရုတ်နိုင်ငံ၏ လူနေထူထပ်မှုကြောင့် တနိုင်ငံလုံး၏ ၇၀ ရာခိုင်နှုန်းအထိ အသုံးပြုလျက်ရှိရာ အခြား ဆက်သွယ်ရေး ကုမ္ပဏီတို့၏ ဝယ်လိုအားမှာ ၃၀ရာခိုင်နှုန်း ခန့်သာရှိတော့သည်။ စာရေးသူတို့နိုင်ငံ အနေဖြင့် လည်းမြည်တွင်း ဆက်သွယ် ရေးများမှ မပြုလုပ်ပေးနိုင်သောဝန်ဆောင် မှုများကိုပြည်ပ ဆက်သွယ်ရေး နစ်စုမှ လုပ်ဆောင်ပေးနိုင် မည်ဟုတ်မဟုတ်မှာ စောင့်ကြည့်ရန်သာ ရှိတော့ကြောင်း တင်ပြလိုက်ရပါသည်။

Easy Guide

ဒီတစ်ပတ်ရဲ့ Easy Guide မှာတော့ Pattern Lock မမှတ်မိတဲ့သူတွေအတွက် အကောင်းဆုံး Pattern Lock ပြန်ဖြုတ်နိုင်မယ့် နည်းလမ်းတွေကို ဖော်ပြပေးလိုက်ပါတယ်။

Pattern Lock ကျသွားရင် ဘယ်လိုပြန်ဝင်ရမလဲ

Android ရဲ့ တစ်ဦးတည်း ပိုင် နည်းပညာဖြစ်တဲ့ Pattern Lock လုံခြုံရေးဟာ Android ဖုန်းအသုံးပြုသူတွေတစ်ဖက်တစ်လမ်းအကျိုးပြုနေသလို တစ်ဖက်တစ်လမ်းကလည်း အဆောက်အယုက်ဖြစ်စေပါတယ်။ ဘယ်လိုအဆောက်အယုက်ဖြစ်စေသလဲဆိုရင်တော့ Pattern Lockမမှသွားတတ်တဲ့ပြဿနာဖြစ်ပါတယ်။ ဒီလို Pattern Lock မမှသွားစဲမယ်ဆိုရင်တော့ Pattern Lock ကိုဖျက်ပစ်မှရမှာပါ။ ဖျက်ပစ်တဲ့အခါမှာလည်း Data တွေမပျောက်သွားတတ်တဲ့ နည်းလမ်းရှိသလို Data မပျောက်ပဲ ရယူနိုင်တဲ့နည်းလမ်းလည်းရှိပါတယ်။ Pattern Lock ကိုဖျက်ပစ်တဲ့အခါမှာ Developer အတွေ့အကြုံအနည်းငယ်ရှိရင်တော့ ADB Counting ကို 1 ကနေ 0 ဖြစ်အောင် Command နဲ့ပြောင်းပေးနိုင်ရင်အဆင်ပြေပါတယ်။ ဒါ့အပြင် နည်းလမ်းတွေကတော့ Device ကို Factory Reset ချမစ်တဲ့နည်းလမ်းနဲ့ ကွန်ပျူတာကိုအသုံးပြုပြီး Pattern Lock ဖျက်ပစ်တဲ့ နည်းလမ်းဖြစ်ပါတယ်။ Factory Reset လုပ်ပြီး Pattern Lock ကိုဖြုတ်မယ်ဆိုရင်တော့ Data တွေဆုံးရှုံးနိုင်ပါတယ်။ ကွန်ပျူတာနဲ့ဖျိုတ်ဆော်ပြီး Lock ဖြုမယ်ဆိုရင်တော့ Data တွေမပျက်ပဲ ရနိုင်မှာပါ။ ဒီတော့ ဘယ်လို Pattern Lock ကိုဖြုတ်မယ်ဆိုတာ လေ့လာကြည့်ရအောင်....

Factory Reset ချပြီး Pattern Lock ဖြုတ်မယ်



1 Factory Reset ချပြီး Pattern Lock ကိုဖျက်မယ်ဆိုရင်တော့ ဖုန်းထဲမှာရှိတဲ့ အသုံးပြုသူရဲ့ Data တွေဆုံးရှုံး မှာဖြစ်ပါတယ်။ ဥပမာ Contact တွေ ၊ Apps Data တွေ အကုန်ပျက်ဆီးသွားမှာပါ။ ဒီလိုPattern Lockဖြုတ်မယ်ဆိုရင်တော့ အဓောက်ဆုံး နည်းလမ်းလည်း ဖြစ်ပါတယ်။ Factory Reset လုပ်တာဟာ Recovery Mode ထဲ က Factory Reset ချလိုရသလို ဖုန်းရဲ့ Setting ထဲကဝင်ပြီး Factory Reset ချနိုင်ပါတယ်။Pattern Lock ချမှာဖြစ်လို့ ဖုန်းSetting ထဲကဝင်ပြီး Factory Reset မချနိုင်တဲ့အတွက် Recovery Mode ကိုအသုံးပြုနိုင်ပါတယ်။



2 ဖုန်းကို ပါဝါ ပိတ်လိုက်ပါ။ ပြီးရင်တော့ ဖုန်းရဲ့ Recovery Mode ကိုဝင်ရပါမယ်။ အချို့ဖုန်းတွေမှာတော့ Power ခလုတ်နဲ့ Volume Down ခလုတ်တို့ကို နှိပ်နိုင်သလို Home ခလုတ်ပါတဲ့ ဖုန်းတွေမှာတော့ Home ခလုတ်နဲ့ Power ခလုတ်တို့ကိုပေါင်းနှိပ်ကာ Recovery Mode ကို ဝင်နိုင်ပါတယ်။ ပြီးရင်တော့ ပုံမှာပြထားတဲ့ နေရာမှာ Home ခလုတ် တစ်ချက် နှိပ်ပေးပြီး YES နှိပ်ပေးလိုက်ပါ။ ပြီးရင်တော့ Reboot ချပေးလိုက်ပါ။ ဒါဆိုရင်တော့ ဖုန်းထဲက Data တွေကိုပျက်ပြီး Pattern Lock ပျောက်ကာ ပယ်လာတဲ့အခါဝင်း ပြန်ဖြစ်သွားပါလိမ့်မယ်။

ကွန်ပျူတာနဲ့ ချိတ်ဆက်ပြီး Pattern ဖြုတ်မယ်

1 Pattern lock ကို ကွန်ပျူတာနဲ့ ချိတ်ဆက်ပြီး ဖြုတ်မယ်ဆိုရင်တော့ ပြည်တွင်း Developer တွေ ရေးသားထုတ်လုပ်ထားတဲ့ Myanmar Mobile Software Developer အခွဲ့ ရဲ့ Tool တစ်ခုကို Download ဆွဲပြီး အသုံးပြုရမှာပါ။ MMSD ရဲ့ Tool ကို Download ဆွဲမယ်ဆိုရင်တော့ Myanmar Mobile Software Developer ရဲ့ တရားဝင် ဝက်ဘ်ဆိုက်ဖြစ်တဲ့ www.myanmarmobilesoftwaredeveloper.com မှာ Myandroid Tool လို့ရိုက်ပြီး ရှာနိုင်ပါတယ်။ တိုက်ရိုက် Download ဆွဲမယ်ဆိုရင်တော့ www.mediafire.com/download.php?5lb64z0ljoj4zau ကနေ Download ဆွဲနိုင်ပါတယ်။

2 Myandroid Tool ကိုသုံးပြီး Pattern Lock ကိုဖြုတ်မယ်ဆိုရင်တော့ Pattern lockဖြုတ်မယ့် Android Device ဟာ Root လုပ်ထားရမှာဖြစ်သလို Development ထဲက USB Debugging ကိုလည်းဖွင့်ပေးထားရမှာပါ။ ဒီလိုလုပ်ထားမှ Pattern Lock ကိုဖြုတ်နိုင်မှာပါ။ Download ဆွဲပြီးရင်တော့Run လိုက်ပါ။ Run လိုက်ရင်တော့ ပုံမှာပြထားတဲ့အတိုင်း ပေါ်လာပါလိမ့်မယ်။ Password ရိုက်တဲ့နေရာမှာ MMSD လို့ ရိုက်ထည့်ပေးလိုက်ပါ။ ပုံမှာပြထားတဲ့အတိုင်း ပေါ်လာပါလိမ့်မယ်။

3 ပြီးရင်တော့ဖုန်းနဲ့ကွန်ပျူတာကိုမျိုတ်ဆက်လိုက်ပါ။ ပြီးရင်တော့ Pattern Lock ဖြုတ်ရန် ဆိုတဲ့ နေရာကိုနှိပ်ပေးလိုက်ပါ။ ဒါဆိုရင်တော့ Pattern Lock ပြုတ်သွားပါပြီ။ ဒါ့အပြင် Myandroid Tool ဟာ အခြား Function တွေကိုပါ အသုံးပြုနိုင်ပါတယ်။ အသုံးပြုသူ အနေနဲ့လည်း လေ့လာကြည့်နိုင်ပါတယ်။

Android Applications



Auto SMS Sender

Free/Android 2.2/1.4 MB

Auto SMS Sender ဆိုတာကတော့ တစ်စုံတစ်ယောက်(သို့) Group အ ကိုက် SMS ပေးပို့တဲ့အစီအမံအဆင့်တစ် ခုတစ်ခု သတ်မှတ်ပြီး ပေးပို့ နိုင်ပါ တယ်။ ဥပမာ- သူငယ်ချင်းတစ်ယောက်မွေးနေ့ဟာ 12:10 AM မှာရောက်တာနဲ့ Birthday Wish Message ပို့ချင်တယ်ထားပါတော့၊ ဒါမေမေ့ အဲဒီအချိန်မှာ စာတော်သူကမအေားဘူးဆိုရင်ကြိုတင်အချိန်သတ်မှတ်ပြီး SMS ပို့ရှိပြင်ဆင်နိုင်ပါတယ်။ အဲဒီအချိန်ရောက်ပြီဆိုရင်တော့ SMS တအလိုအလျောက် တစ်ယောက်လုစီကို ရောက်ရှိ သွားမှာပါ။ SMS ပို့ဖို့အတွက် Application ကိုဝင်ပြီး New SMS ကို နှိပ်ကာစာတော်သူရဲ့ Contact ထဲမှာမှတ်သားထားတဲ့ ဖုန်းနံပါတ်တွေကိုပြင် တွေ့ရမှာဖြစ်ပါတယ်။



My Guitar

Free/Android 2.1/9 MB

ဖုန်းထဲမှာရေခဲတီးတဲ့ Applicationကို စာတော်သူတို့ကောင်းကောင်းသိကြ မှာပါ။ ဒီလိုပဲ My Guitar ဆိုတဲ့ Application ကလည်း ဖုန်းထဲမှာဂစ်တာ တီးဖို့ကိုအကောင်းဆုံးပြုလုပ်ပေးထားပါတယ်။ ဂစ်တာ အမျိုးအစားအနေနဲ့ Steel Acoustic, Nylon Acoustic, Clean Electric, Mode Electric စတဲ့ပြောင်းချိုးတွေ ချယ်လှယ်ရပါတယ်။ Chords, Play Mode, Effects တွေကိုလည်းစာတော်သူစိတ်ကြိုက်ပြောင်းလဲနိုင်မှာဖြစ်သလိုအသံထွက်လည်း ကောင်းမွန်တဲ့ App တစ်ခုဖြစ်ပါတယ်။ ဂစ်တာအမျိုးအစားတွေချယ်ဖို့ Setting Key ကို နှိပ်ကာ Guitar Type ကိုရွေးပြီး Pop-up Box ကနေ ဂစ်တာ အမျိုးအစား လေးမျိုးမှ ကြိုက်နှစ်သက်ရာကို ရွေးချယ်နိုင်ပါတယ်။

Any.Do To-do List & Task List

Free/Android 2.2/6.7 MB

ဒီနေ့ မနက်ဖြန်ဘာတွေလုပ်ဆောင်ရမယ် ဆိုတာကိုစေါင်းစဉ်အလိုက်ခွဲခြား အရာအမျိုးစုံတွေခွဲပြီးမှတ်သားထားနိုင်မယ့် App တစ်ခုဖြစ်ပါတယ်။ မှတ်သားထားတဲ့အမျိုးစုံရောက်ရင်လည်း စာတော်သူကို အမြဲသတိပေးနေမှာပါ။ လုပ်တဲ့ဒီဇိုင်းမျိုးအသုံးပြုရတာလွယ်ကူရွေ့ချယ်ရတဲ့အတွက်စာတော်သူကြိုက်နှစ်သက်မယ့် App တစ်ခုပါပဲ။ ဥပမာ- စာတော်သူဆီ မိတ်ဆွေတစ်ယောက်က ဖုန်းဆက်တယ်။ စာတော်သူက မကိုင်ချင်ဘူးဆိုရင် Missed Call ကို Any.Do App ကအသိပေးမှာပါ။ App အထဲမှာရှိတဲ့ I want to ... ဆိုတဲ့နေရာမှာစာတော်သူလုပ်ဆောင်ပေးစေချင်းစဉ်ကိုရေးသားရမှာပါ။ Recognition အသုံးပြုချင်တယ်ဆိုရင် Internet ဖိုတ်ဆက်ပြီးအသုံးပြုရမှာပါ။



SwiftKey Keyboard Free

$3.99/Android 2.1/8 MB

Keyboard ဆိုရင်တော့ပြည်တွင်းမှာ FrozenKeyboardကအတော်နာမည်ကြီးပါတယ်။ သို့သော် အခြား Keyboard တစ်ခုဖြစ်တဲ့ SwiftKeyboard ကလည်း အကောင်းဆုံး Feature တွေကိုထည့်သွင်းပေးထားပါတယ်။ စာလုံးတစ်လုံးချင်းစီကိုနိုက်စရာမလိုပဲပွတ်ဆွဲပေးရုံနဲ့ စာရိုက်နိုင်တဲ့ စနစ်တွေလည်း ပါဝင်ပါတယ်။ ဘာသာစကားအနေနဲ့အချို့ပေါင်း ၂၀၀ ကျော်ထောက်ပံ့ပေးထားပြီးမြန်မာ ဘာသာစကားတော့မပါဝင်သေးပါဘူး။ စကားတွေကိုလည်း အလိုအလျောက်မှန်ကန်တိတ်ဆုအောင် Suggest လုပ်ပေးနိုင်တဲ့စနစ်လည်းပါဝင်ပါတယ်။ Keyboard ရဲ့ အသွင်အပြင်က သင်ရုပ်လှပသလိုအသုံးပြုသူတွေကိုဆွဲဆောင်နိုင်ပါတယ်။



ဂိမ်းလောကထဲ ဘောလုံးဂိမ်းဆို ပြိုင်ဆိုင်စရာအတော်လေးကိုရှားပါးပါတယ်။ မယ်မယ်ရရဆိုလို့ PES (Pro Evolution Soccer) နဲ့ FIFA စီးရီးတို့ပဲရှိပါတယ်။ ဒီနေ့ရာမှာလည်း သူမဟိသတ်နဲ့ သူကကွာသွားပြန်တာတွေ့ရပါတယ်။ PES ကို Konami ကထုတ်လုပ်ပြီး၊ အရင် ၇ မန်ဘောလုံး (သို့) အမြန်ဘောလုံးလို့လည်း နာမည်ကြီးပါတယ်။ FIFA ကလည်း EA က ထုတ်လုပ်တာဖြစ်တဲ့အတွက် ရေးစစ်ကောင်းမွန်ပြီး အသင်းစုံလင်မှု Mode များစွာ ပါဝင်မှု၊ Feature တွေကောင်းမွန်မှုတွေကြောင့် ကစားသူတွေအကြိုက်ခြစ်ခဲ့ရပါတယ်။

အစု သိပ်မကြာစေကာလမှာပဲ FIFA ဖဲ့ အသစ်ထွက်စီးရီးဖြစ်လာမယ့် FIFA 14 က ထွက်ရှိလာတော့မှာဖြစ်ပါတယ်။ ကျွမ်းကျင်တာ ကြောင်းပြောကြတွေအရ FIFA 14 မှာဆို ဂိမ်းကစားသူက ဂိုးသွင်းရတဲ့ စံစားချက်ကို အမှန်တကယ်စံစားရမယ်လို့ သိရပါတယ်။ FIFA 14 အတွင်းမှာ Gameplay ကို ပြောင်းလဲထားပြီး အမှန်တကယ် ဘောလုံးကန်နေရသလို ဖြစ်နေစေရမယ်လို့လည်း အာမခံထားပါတယ်။ ဂိမ်းအတွင်းမှာ ပါဝင်လာမယ့် Pure Shot ဆိုရင် ဘောလုံးကို ကန်လိုက်တဲ့ ကစားသမားက ဂိုးပေါက်ကို ခြစ်နိုင်တဲ့နေရာကနေ အတောင်းစုံးရွေးချယ်ပြီး ကန်သွားမှာဖြစ်တယ်လို့ သိရတယ်။ ဒါ့အပြင် ဘောလုံးကို ကန်တဲ့အချိန်မှာ အပြင်က တကယ်ဘောလုံးကန်တဲ့ ပုံစံမျိုးဖြစ်ဖို့ ခန်တီးပေးထားပြီး ဂိမ်းကစားသူတွေကို အဝေးကနေ လှမ်းကန်နိုင်ဖို့နဲ့ twist ထည့်ပြီး ကန်နိုင်ဖို့ ပြုလုပ်ထားတယ်လို့ သိရပါတယ်။

ဆစ်ပိုင်းမှာတိုရင် ကွင်းလယ်ကစပြီး ဘဲ့ရဲ့ tempo ကို တိန်းသွားနိုင်ဖို့ အလွှဲအစေ့ပေးထားပါတယ်။ ဒါ့အပြင် ကစားသမားတစ်ယောက် ဘောလုံးဆွဲပြေးလာတဲ့အခါ စံစစ်မှုတွေက အလိုလို နောက်ဆုံးကစားဖို့ ပြုလုပ်ပေးမှာဖြစ်တယ်လို့ ကုမ္ပဏီက ကြော်ငြာထားတယ်။ ဒီလိုမျိုး တစ်ယောက်ချင်း Skill တွေကို တိုးတက်မှုရှိအောင် ပြုလုပ်ထားသလို အသင်းလိုက် skill တွေမှာဆိုရင်လည်း အရေ့နောက် ဟန်ချက်ညီဖို့နဲ့ space တွေပေါ်လာဖို့ အလိုအလျောက်ပြုလုပ်ပေးထားတယ်လို့ သိရပါတယ်။ mode အပိုင်းမှာဆိုရင်လည်း Career Mode ပါဝင်လာပြီး ကစားသူက ကစားသမားအသစ်တွေ လိုက်ရှာရမယ့် Scouting Network တစ်ခုကို ထူထောင်ရမှာဖြစ်ပါတယ်။ ပြောရမယ်ဆိုရင် Manager တစ်ဦးလို့ ကစားရမှာဖြစ်ပါတယ်။ ဒါကိုတော့ ကစားသူတွေ အရင် FIFA 14 ကစားသူတွေရင်းနှီးပြီးသားဖြစ်မယ်လို့ ထင်ပါတယ်။

PES နဲ့ FIFA တို့ရဲ့ အဓိက ကွဲပြားချက်ကိုပြောရမယ်ဆိုရင် ဘောလုံးကလစ်တွေ တရားဝင်ဖြစ်မှု အသင်းရိုးလှုမှုကန်မှုတို့ပဲဖြစ်ပါတယ်။ PES က အသင်းအားလုံးနဲ့ သဘောတူညီချက် မတ်ပုံတင်ထားနိုင်ပြင်းမရှိပါဘူး။ ဒါကြောင့်လည်း Premier League အသင်းတွေရဲ့ နာမည်ကာ များစွာပြင်းနေရတာ ဖြစ်ပါတယ်။ FIFA မှာဆိုရင်တော့ လိုင်စင်ပေါင်းများစွာက အသင်းပေါင်းများစွာကို တရားဝင်မှတ်ပုံတင်ထားပြီး ကစားသမားပေါင်း ၁၅၀၀၀ ကျော်ကိုလည်း မှတ်ပုံတင်ထားတဲ့အတွက် အသင်းမှန်း လှုမှုကစားရမှာပဲဖြစ်ပါတယ်။

Battle Beach
Free/Android 2.3/47MB

ဆန်းဆန်းပြားပြား ကစားရမယ့် Tower Defense ဂိမ်းတစ်ခု ဖြစ်ပါတယ်။ ကစားသူအနေနဲ့ ကျွန်းတစ်ခုကို ခုခံကာကွယ်ရမှာ ဖြစ်ပြီး tower base တွေ ထောက်ရမှာ ဖြစ်ပါတယ်။ အဲဒိုပါ tower များကို upgrade ပြုလုပ်နိုင်ပြီး အခြားကျွန်းများသို့လည်း စစ်ကြေး ညှာနိုင်ပါ သေးတယ်။ unit ပေါင်း ၁၀ ခုပါဝင်ပြီး upgrade ပေါင်း များစွာလည်း ပြုလုပ်နိုင်ပါဝံ့ပဲမယ်။

Ninja Dashing
Free/Android 2.2/7.5MB

ယခင်တုန်းကကစားခဲ့ရတဲ့ ninja တစ်ကောင်ဟန်ပေါက်ပြေး လွှားနေတဲ့ဂိမ်းရဲ့ နောက်ဆုံးထွက်စီးရီးဖြစ်ပါတယ်။ ကစားသူအနေ နဲ့ ပြေးလွှားနေတဲ့ ninja ကို ဘယ်ညာရွှေ့ပြီးကာစီးထားတဲ့အတားး အဆီးကို ကျော်ခြင်းရင်း ရန်သူတွေကို သတ်ခြင်းရမှာဖြစ်ပါတယ်။ အတားအဆီး တွေကို မတက်လွှားနိုင်ဘူးဆိုရင်တော့ နောက်က လိုက်လာတဲ့ ကြွယ်လက်နက်တွေကိုယ့်ကိုလာစိုက်မှာဖြစ်ပါတယ်။ ဂိမ်းအတွင်း world ၄ ခု ပါဝင်ပြီး challenge ပေါင်းများစွာ ပါဝင် ပါတယ်။

Demonic Savior
Free/Android 2.1/22M

ရော်ဗစ်ကောင်းကောင်း အက်ရှင်းအပြည့်နဲ့ကစားရမယ့် ဂိမ်းတစ် ခုဖြစ်ပါတယ်။ ဂိမ်းကို story အနေနဲ့ ကစားနိုင်ပြီး ပါဝင်တဲ့ character တွေကလည်းမတူညီတဲ့ စွမ်းရည်တွေရှိတဲ့အတွက်ရန်သူ တွေကို အ ကောင်းမွန်ဆုံး နိမ့်နင်းနိုင်မှာဖြစ်ပါတယ်။ ဒုံအပြင် quests ပေါင်း ၃၀၀ ကျော်ပါဝင်ပြီး character တစ်ကောင်ချင်းစီ အ တွက် အနေးပေါင်း ၆၀ ပါဝင်ပါတယ်။ ဂိမ်းအတွင်း ဝိဒိဓဲ့ character အတွက် itemတွေဝယ်ယူနိုင်တာလည်း တွေ့ရပါ တယ်။

Castle Defense
Free/Android 2.2/18MB

ကမ္ဘာကြီးကို နတ်ဆိုးများရန်ကကာကွယ်ဖို့ ကစားသူက defense tower တွေထောက်ရမယ့်ဂိမ်းဖြစ်ပါတယ်။ ဒီလိုထောက် တဲ့ နေရာမှာလည်း warrior တွေ ထုတ်နိုင်ပြီး ၎င်းတို့ကိုလည်း battlefield အတွင်း နေရာများကာရန်သူတွေကို ရှင်းလင်းနိုင်ပါ လိမ့် မယ်။ ဂိမ်းအတွင်း Map ပေါင်း ၁၅ ခုပါဝင်ပြီး challenge ပေါင်း ၁၅ ခု လည်းပါဝင်တာတွေ့ ရပါတယ်။

Social Network Facebook ကဏ္ဍာ

Photo of the week

Photo : YUFC

အရှေ့စိုးအကြိုးတန်ခေတ်သည် မြန်မာ့အမှတ်ပေးဘောလုံးပြိုင်ပွဲဖြစ်သည့် MNL(Myanmar National League) ရဲ့ နောက်ဆုံးပွဲစဉ်ဖြစ်တဲ့ နေပြည်တော်အသင်းနှင့် ရန်ကုန်အသင်းတို့ပွဲမှာ ရန်ကုန်အသင်းကို ပင်နယ်တီဝေးလိုက်တာကို မကျေနပ်တာကနေ စပြီး ပွဲကြည့်ပရိတ်သတ်များက ယခုလိုမျိုး တုန့်ပြန်ခဲ့သည်။

Dictum of the Week

"လောကဓံ မုန်တိုင်းဆိုတာ"

လောကထဲရှိနေတဲ့ လူတိုင်းကို တိုက်ခတ်စမြဲပဲလေ။
သူတော်ကောင်းရယ်၊ သူယုတ်မာရယ် ရွေးချယ်နေတာမှ မဟုတ်တာပဲ။
တရားရှိသူရယ်၊ မရှိသူရယ်လို့ ကြည့်နေတာမှ မဟုတ်ဘဲ၊
လောကထဲမှာ ရှိနေတဲ့လူမှန်သမျှ လောကဓံ ဒဏ်ခံကြရတာချည်းပဲ။

ဒါပေမယ့်... လောကဓံ မုန်တိုင်းဒဏ် ခံကြရတဲ့နေရာမှာတော့
တရားရှိတဲ့လူနဲ့ တရားမရှိတဲ့လူ မတူနိုင်ပါဘူး။
တရားရှိတဲ့လူတွေကတော့ တရားတည်းဟူသော
အကာအကွယ်အောက်မှာ ဆောက်တည်ရာ ရကြပေမယ့်
တရားကင်းနေတဲ့ သူများများတော့ အကာအကွယ်မဲ့ကြတယ်၊
လောကဓံမုန်တိုင်းအောက်မှာ လွင့်ချင်ရာ လွင့်တတ်ကြတယ်။

(ဃောဆရာတော်)

Cartoon of the week

Credit : Peace Man

Status of the week

ဟိုတစ်ခန့်က မြို့မဲ့ခရေပွဲတော်ဆိုလား Sky/NET က လာလို့ ကြည့်ခဲ့ရတယ်၊ အဲဒီမှာ ဝိုလ်ချုပ်အောင်ဆန်းပုံစံ ဝတ်ပြီး သရုပ်ဆောင်သွားတာ သူလုပ်မှ ဝိုလ်ချုပ်လဲ ဘာပုံပေါက်သွားမှန်း မသိဘူး၊ သူကြည့်ရတာ ကြိုးစားပမ်းစားတော့ သရုပ်ဆောင်ရှာပါတယ်။ ဒါပေမယ့် ဟလား ... ဟလား ... နဲ့ ဇောဇော ထည့်ထည့် ပြောနေတာ ဝိုလ်ချုပ်တို့ နောက်နေသလိုပဲ၊ အဲဒါကြောင့် အမတ်ကြီးက မြင်းထိန်းကို သူ့ကို မချီးမွမ်းဖို့ ငွေတစ်မတ်ပေးပြီး နှုတ်ပိတ်သွားတာကိုး ... ကျန်တော်လဲ ငွေတစ်မတ်ပေးပြီး နောက်မလုပ်ပါနဲ့ကွာလို့ သွားပြောချင်လိုက်တာ

Credit : Soe Thiha Naung

News of the week

ပင်လယ်ရေကြောင်းမှ မောင်ဝိုသွင်း ဟန်းဆက် သုံးလအတွင်း တစ်သိန်းကျော် ရှိ

၂၀၁၃ခုနှစ်၊ ဧပြီလ ဒုတိယနေ့မှ ဇွန်လကုန်အထိ သုံးလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှတစ်ဆင့် မြန်မာနိုင်ငံတွင်းသို့ ဓမ္မာန်ရိ တင်သွင်းလာသည့် ဟန်းဆက် အလုံးရေမှာ တစ်သိန်းကျော်အထိ ရှိနေကြောင်း၊ ဝီးမွားရေနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သိရသည်ဟု ဆိုသည်။

ယင်းဝန်ကြီးဌာနအနေဖြင့် နယ်စပ်တစ်လျှောက်တွင် မောင်ဝိ ကုန်သွယ်နေမှုများအား ဖမ်းဆီးအရေးယူနိုင်ရန်အတွက် ၂၀၁၂ခုနှစ်၊ နိုဝင်ဘာလမှစ၍ Mobile Team အဖွဲ့များဖြင့် စစ်ဆေးခဲ့ရာတွင်လည်း ရှင်းပြည်နယ်၊ နောင်ချိုတွင် မြို့ရှောင်လမ်းများမှတစ်ဆင့် တရားမဝင် တင်သွင်းနေသည့် ဟန်းဆက်အလုံးရေ ဝဝဝကျော်အား ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ယခုအဖွဲ့တွင် ပင်လယ်ရေကြောင်းမှတစ်ဆင့် တရားမဝင် ကုန်သွယ်မှုများကို ရန်ကုန်ဆိပ်ကမ်း နယ်မြေအတွင်းရှိ ကမ်ရိုးတန်း ကုန်သွယ်မှုဆိုင်ရာ ဆိပ်ကမ်းနယ်မြေ၊ ပင်လယ်ဝမှ ရန်ကုန်မြစ်တစ်လျှောက် နယ်မြေနှင့် အပြည်ပြည်ဆိုင်ရာ ရေကြောင်း ဆိပ်ကမ်းများတွင် နယ်မြေခွဲခြား စစ်ဆေးသွားမည်ဟု ဆိုသည်။ ကုမ္ပဏီများက နှစ်စဉ် ဟန်းဆက်တင်သွင်းရန် လိုင်စင်ယူထားသည့် ပမာဏမှာ အလုံးရေ သိန်းဒှီဖြ် ရှိသော်လည်း အမှန်တကယ် အရွန်ဆောင်ပြီး တင်သွင်းသည့် အရေအတွက်မှာ သောင်းကျော်နှင့်သာ ရှိကြောင်း သိရသည်။

လက်ရှိတွင် တစ်နိုင်ငံလုံး အဝိုင်းအတာဖြင့် တွက်ချက်မည်ဆိုပါက ဟန်းဆက် လိုအပ်ချက်များစွာရှိနေပြီး ကုန်သွယ်မှု စာရင်းများအရ တရားဝင် ကုန်သွယ်မှု အရေအတွက်နှင့် တန်ဖိုးမှာ နည်းပါးနေပြီး ဂေလီပီ၊ ဧရေကြောင်းနှင့် နယ်စပ်လမ်းကြောင်းများမှ တရားမဝင် တင်သွင်းမှုမှာ များပြားနေသည်ဟု ဆိုသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ပင်လယ်ရေကြောင်း၊ ကုန်သွယ်မှုမှတစ်ဆင့် မောင်ဝိတင်သွင်းလာသော ဟန်းဆက် အလုံးရေမှာ ငါးသောင်းကျော်ရှိပြီး တန်ဖိုးအားဖြင့် အဓမရိကန်ဒေါ်လာ ၁၉သန်း ၁၀သန်းကျော်ဖိုး ရှိကြောင်း သိရပါသည်။

နိုင်ငံတော်မှ ပြည်သူများ ဆက်သွယ်ရေး ပိုမို ကောင်းမွန်လာစေရန်အတွက် ယခုနောက်ပိုင်းတွင် တန်ဖိုးနည်း ဝိုဘိုင်းဖုန်းများကို တစ်သုတ်ပြီး တစ်သုတ် ရောထားပေးလျက် ရှိသကဲ့သို့ ဟန်းဆက်ဝယ်လိုအားလည်း များလာခဲ့ရာ ဟန်းဆက်အရောင်းဆိုင်များလည်း ရန်ကုန်တစ်မြို့လုံးတွင် မို့မဲပေါက်သလို တစ်ဆိုင်ပြီး တစ်ဆိုင် နေရာအနံ့ ပေါ်ပေါက်လာကြသည်။ ဟန်းဆက်အမျိုးအစားများကလည်း သောင်းကျော်မှ သိန်းကျော်အထိ ဘယ်စေတ်ကာလနှင့်မျှ မတူအောင် ခုံလင်လှသည်။ မိမိ တတ်နိုင်သည့် အခနေအထားနှင့်အညီ ဝယ်ယူသုံးစွဲနိုင်သည်။ ထိုဟန်းဆက်များထဲတွင် အထက်က သတင်းလို ဓမ္မာန်ရိအလုံးများ အဘယ်မျှ ပါဝင်နေမည်တော့ မသိနိုင်ပါဘူး။

Credit : Myanmar ICT

Joke of the Week

ဒါမှ ပရိုဂရမ်မာ

ကွန်ပြူတာ ပရိုဂရမ်မာတစ်ယောက် သစ်ပင်အောက်မှာ ထိုင်နေတယ်။ နောက်ထပ် သူသူငယ်ချင်း ပရိုဂရမ်မာ တစ်ယောက်က သူ့ရှေ့ကို စက်ဘီးအသစ်နဲ့ ခြေတလှမ်းလှမ်း ဝေ့ခေတ့ နင်လို လုပ်ဘူးဟေ့ ပါတယ်။

ပရိုဂရမ် ၁ - "အဲ့ စက်ဘီး ဘယ်ကရတာလဲ သူငယ်ချင်း"
ပရိုဂရမ် ၂ - "မိန်းကလေးတစ်ယောက်ဆီကတဲ့"
ပရိုဂရမ် ၁ - "ဟင်း ဘာမြစ်လို့ရလာတာလဲ"
ပရိုဂရမ် ၂ - "အဲ့ မိန်းကလေးက စက်ဘီးပေါ်ကနေဆင်းပြီး သူ့အတော်အစားစေ့တွေ မွှတ်ပြတယ်။

ပြီးတော့ ကြိုက်တာယူလို့ သူကပြောတယ်လေ။ အဲဒါ ငါလည်း စက်ဘီးပဲ ကောက်ဆွဲလာတယ်"
ပရိုဂရမ် ၁ - " အင်းကောင်းတယ် သူငယ်ချင်း။ သူအတော်အစားက မင်းနဲ့ တော်မှာ မဟုတ်ဘူး"

Ref: techjoke
ရိုးရာလေး ဟာသ

Volume-1, Issue 28
August 14, Wednesday, 2013

Director: Thor Freudenthal
Stars: Logan Lerman, Alexandra Daddario, Brandon T. Jackson
Release Date: 7, August

ယခုတစ်လော ကမ္ဘာ့ရုပ်ရှင်လောကသည် ဂရိနတ်ဘုရားတွေအကြောင်းရိုက်ကူးမှုတွေက တော်သိပ်းသွားပြီလို့ ထင်နေတုန်း အခုတစ်ခုတက်မှာပဲ Percy Jackson ရဲ့ နောက်ထပ်ဇာတ်လမ်းတွေက ထွက်လာပါတော့တယ်။ Percy Jackson ဆိုတာ ဂရိတော မဟုတ်တော့ပေမယ့်သေခင်ပါတယ်။ Phone ကြီး ကြောင့်၊ ပုံစံတဲ့ all star အရိုက်တဲ့ လူငယ်ဆန်းဆန်း ပုစ္ဆာဆန်ဆန် ဖိုက်တွက်တွေပါဝင်တဲ့ ရုပ်ရှင်တွေ မကြည့်ဘူးသေးတဲ့ ဘဝတော်သူတွေကို အနည်းငယ်ရှင်းပြပေးသင့်တယ်လို့ ထင်တယ်။ Percy Jackson ဆိုတာက နတ်ဘုရားကြီး ၃ ပြီးတဲ့အခုက် ဒုတိယပေါ်လာတဲ့ နတ်ဘုရား တစ်ဦးဖြစ်တဲ့ Poseidon ရဲ့ သားဖြစ်ပါတယ်။ Poseidon ဆိုတာကလည်း ဒေသူတော့မဟုတ်ဘဲဘဲ။ ကမ္ဘာ့ဇနီးတဲ့ဘုရားကြီးဖြစ်တဲ့အတွက် ရေနဲ့ပတ်သက်တဲ့အရာ မှန်သမျှကို လှုပ်ဆောင်နိုင်စွမ်းရှိပါတယ်။ အဲကြောင့် သူ့ရဲ့သား Percy Jackson ကလည်း ရေကို အစိုးရတဲ့ နတ်သားယေလေး သာမက လူတစ်ဦးပါဖြစ်နေတဲ့အတွက် အဖေဆက်ပြီး လက်ဆင်းထက်ပါတယ်။

ဒီဇာတ်ကားမှာတော့ Percy Jackson တို့ သူငယ်ချင်းတစ်သိုက်က ပွဲစီးဝန်းတွေထပ်ဖွင့်ပုံရပါတယ်။ ဒီတစ်ခါမှာတော့ ၎င်းတို့ camp ကြီးကို ကယ်တယ် ဒီအတွက် ဝေဖေတစ်ခုခုနဲ့ပတ်သက်ပြီး ဂရိတင်ဆုံးဖြတ်ချက်ချမှတ်ပါတယ်။ ဒီလိုဘဲဖြတ်တဲ့ ဇာတ်လမ်းတွေဟာ ဘဝတွေအကောင်းဆိုးဝါးတွေ၊ နတ်ဘုရားတွေရဲ့ သားတော်သမီးတွေနဲ့ ရှင်းဆိုပယ်ရှင်းရခြင်း ပထမအတိုက်အခိုက်ကြီးတွေ ပေါ်ပေါက်ဆန်းကြယ်ခြင်း စတဲ့ဇာတ်လမ်းတွေက ဖြတ်ပြီးသားဖြစ်နေပါတယ်။ ဒါကြောင့် ဒီဇာတ်ကားကတော့ ဘာအသစ်အဆန်းမှ မပါတဲ့အတွက် ဝေဖန်ထားတာတွေရဲ့ အဓိကအားနည်းချက်ကို ပြင်ဆင်ပြီးသွားတယ်လို့ ထင်ပါတယ်။ ဒီတော့ ဒီဇာတ်ကားကို ဘာတွေကြိုတင်ပြီး ဝေဖန်ထားသလဲ ဆိုတာကို ဆက်လက်ဖော်ပြပေးသွားပါမယ်။

ပထမဆုံးအနေနဲ့ Percy Jackson ဟာ ဂရိနတ်ဘုရားတွေရဲ့ သားတော်သမီးတွေ ဖြစ်ကြတဲ့အတွက် ဘာမှမသိတဲ့ ကျောင်းသားတွေကြားမှာ ကွဲပြားခြားနားတဲ့ ဘဝတွေနဲ့ ကြီးပြင်းလာကြရတယ်။ ဒီတော့ ဒီလိုကွဲပြားခြားနားတဲ့ ဘဝတွေကြားမှာ ကြီးပြင်းလာရတဲ့ ကလေးတွေဟာ ဘယ်လိုမျိုး ခံစားရမလဲ ဆိုတာကို ဖော်ပြထားတယ်။ ဒီလိုခံစားရတဲ့ ဘဝတွေကို ဖြတ်သန်းလာခဲ့ရတဲ့ Percy Jackson ဟာ ဘယ်လိုမျိုး ဘဝတွေကို ရင်ဆိုင်ဖြတ်သန်းလာခဲ့ရသလဲ ဆိုတာကို ဖော်ပြထားတယ်။ ဒီလိုဖော်ပြထားတဲ့ ဘဝတွေကြားမှာ ဘယ်လိုမျိုး ခံစားရမလဲ ဆိုတာကို ဖော်ပြထားတယ်။ ဒီလိုဖော်ပြထားတဲ့ ဘဝတွေကြားမှာ ဘယ်လိုမျိုး ခံစားရမလဲ ဆိုတာကို ဖော်ပြထားတယ်။

ဒီဇာတ်ကားမှာတော့ Percy Jackson တို့ သူငယ်ချင်းတစ်သိုက်က ပွဲစီးဝန်းတွေထပ်ဖွင့်ပုံရပါတယ်။ ဒီတစ်ခါမှာတော့ ၎င်းတို့ camp ကြီးကို ကယ်တယ် ဒီအတွက် ဝေဖေတစ်ခုခုနဲ့ပတ်သက်ပြီး ဂရိတင်ဆုံးဖြတ်ချက်ချမှတ်ပါတယ်။ ဒီလိုဘဲဖြတ်တဲ့ ဇာတ်လမ်းတွေဟာ ဘဝတွေအကောင်းဆိုးဝါးတွေ၊ နတ်ဘုရားတွေရဲ့ သားတော်သမီးတွေနဲ့ ရှင်းဆိုပယ်ရှင်းရခြင်း ပထမအတိုက်အခိုက်ကြီးတွေ ပေါ်ပေါက်ဆန်းကြယ်ခြင်း စတဲ့ဇာတ်လမ်းတွေက ဖြတ်ပြီးသားဖြစ်နေပါတယ်။ ဒါကြောင့် ဒီဇာတ်ကားကတော့ ဘာအသစ်အဆန်းမှ မပါတဲ့အတွက် ဝေဖန်ထားတာတွေရဲ့ အဓိကအားနည်းချက်ကို ပြင်ဆင်ပြီးသွားတယ်လို့ ထင်ပါတယ်။ ဒီတော့ ဒီဇာတ်ကားကို ဘာတွေကြိုတင်ပြီး ဝေဖန်ထားသလဲ ဆိုတာကို ဆက်လက်ဖော်ပြပေးသွားပါမယ်။

Director: James Wan
Stars: Vera Farmiga, Patrick Wilson, Lili Taylor
Release Date: 19, July

ဒီနှစ်တော့ သရဲကားကောင်းတွေက များများစားစားထွက်ပေါ်လာတဲ့နှစ်ပုံးပဲ ထင်ပါရဲ့။ သရဲကားတစ်ကားတွက်လာပါတယ်။ Conjuring ဟာ Top Box Office မှာ ၃ ပတ်ကြာ နံပါတ်တစ်ရပ်တည်ရသည်။ ဘယ်ဇာတ်ကားကမှ ဒီလောက်ကြာကြာ နံပါတ်တစ်ရပ်တည်ခွင့်မရကြသည်ကို တွေ့ရပါတယ်။ ဒီလောက်ကြာကြာ နံပါတ်တစ်ရပ်တည်ခွင့်ရတယ်ဆိုတာ ဘယ်လောက်ကောင်းတယ်ဆိုတာ ပေါ်ပြီးသားဖြစ်ပါတယ်။ ဒီလိုကောင်းတဲ့ သရဲကားတစ်ကားကို ဘယ်သူတွေ ဖန်တီးထားသလဲ ဆိုတာကို ဆက်လက်ဖော်ပြပေးသွားပါမယ်။

ဒါဇာတ်ကားကို ဒါရိုက်တာ James Wan က ဦးဆောင်ပြီး ဖန်တီးထားတာဖြစ်ပါတယ်။ ဒီလိုသရဲကားမျိုးတွေ ဖန်တီးဖို့ဆိုရင် ဒါရိုက်တာရဲ့ ကျွမ်းကျင်မှုတွေ အရမ်းလိုအပ

Intel မှ ၁၀ လက်မအရွယ် နှင့် ၇ လက်မအရွယ် Android တက်ဘလက်များ ထုတ်လုပ်သွားနိုင်

Intel မှ ၎င်း၏ ဝက်ဘက်ဆိုက်၌ ပညာရေးသုံး တက်ဘလက်များဖြစ်သည့် ၁၀ လက်မအရွယ်နှင့် ၇ လက်မအရွယ် Android တက်ဘလက်များကိုထုတ်ဖော်ပြသခဲ့ကြောင်းသိရသည်။

ကုမ္ပဏီ မှ ကြော်ငြာချက်များအရ တက်ဘလက်များတွင် Atom chip များကို အသုံးပြုမည်ဖြစ်ပြီး Android OS များဖြစ်သည့် ICS နှင့် Jelly Bean တို့ကို အသုံးပြုသွားမည် ဖြစ်ကြောင်း သိရသည်။ အဆိုပါပညာရေးသုံး Intelတက်ဘလက်များတွင် ပထမဆုံး Intel အခြေခံ စမတ်ဖုန်းများဖြစ်သည့် Lenovo၊ Xolo များတွင် အသုံးပြုခဲ့သည့် dual-core Atom Z2460 chip များကိုအသုံးပြုသွားမည် ဖြစ်ကြောင်း သိရသည်။ တို့နောက် တက်ဘလက်များမှာ ၆.၅ နာရီစာ ဘက်ထရီသက်တမ်းခံနိုင်ရည်ရှိကြောင်း တက်ဘဆိုက်၌ဖော်ပြထားသည်။

မှတ်နှာပြင် ၁၀ လက်မအရွယ်တက်ဘလက်၏ resolution မှာ 1280 x 800 ပီဂျီး အခေးမျိန် ၁.၅ ပေါင် လေးမည်ဖြစ်ကာ 16GB သိုမှီးပမာဏရှိမည်ဖြစ်ကြောင်း သိရသည်။ တို့နောက် အခြားပညာရေး တက်ဘလက်တစ်ခု ဖြစ်သည့် ၇ လက်မ အရွယ် တက်ဘလက်တွင် Android 4.1 အသုံးပြုမည် ဖြစ်ကာ Intel single-core Atom Z2420 processor ကို အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ Intel processor များကို Asus ၏ ဒေါ်လာ ၂၀၀ တန် တက်ဘလက် နှင့် စမတ်ဖုန်းများတွင် အသုံးပြုထားသည်။ Intel မှ ကြော်ငြာချက်အရ ၇ လက်မအရွယ်တက်ဘလက်မှာ ၇.၈ နာရီစာ ဘက်ထရီသက်တမ်းခံနိုင်ကြောင်း သိရသည်။ တို့နောက် အဆိုပါ တက်ဘလက်တွင် 8GB သိုမှီး ပမာဏပါဝင်မည်ဖြစ်ပြီး မှတ်နှာပြင် resolution မှာလည်း 1024 x 600 ရှိမည် ဖြစ်ကြောင်း သိရသည်။

Intel ၏ အဆိုအရ တက်ဘလက် ၂ စုလုံးမှာ Wi-Fi၊ micro-USB slot၊ 0.3-megapixel front camera၊ 2-megapixel နောက်ကင်မရာနှင့် McAfee security software တို့ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ လက်ရှိ အရှိန်တွင် ကုမ္ပဏီမှ တက်ဘလက်များ အတွက် ဈေးနှုန်းနှင့် ထွက်ရှိမည့် နေ့ရက် ကို ထုတ်ပြန်ကြောင်း ပြောထားခြင်း မရှိသေးပေ။

Ref: TechHive

Samsung မှ နောက်ထပ်ထွက်ရှိမည့် ဖုန်းများအားလုံးတွင် Tizen OS များအသုံးပြုချင်ကြောင်း ပြောကြား

လွန်ခဲ့သည့် တစ်ပတ်တွင် ပြုလုပ်ခဲ့သည့် CNET Korea နှင့် အင်တာဗျူးတွင် Samsung ၏ co-CEO ဖြစ်သူ J.K. Shin မှ Samsung ၏ နောက်ထပ်ထုတ်လုပ်မည့် စမတ်ဖုန်းများတွင် Tizen OS ကိုသာ အသုံးပြု သွားချင်ကြောင်း ဖြေကြားသွားခဲ့သည်ဟု သိရသည်။

Samsung မှာလက်ရှိအချိန်တွင် Tizen OS မြင့်မားလာရန် နှင့် အသုံးပြုမှုပိုမိုတွင်ကျယ်လာရန်ကြိုးစားဆောင်ရွက်နေပြီး Google နှင့် Android အား မှီခိုနေရမှုကိုလည်းလျှော့ချဆောင်ရွက်ရှိသည်။ ယခုကဲ့သို့ပြောကြားခြင်းကို Samsung ၏ IT နှင့် mobile communication ဌာနကို ကြီးကြပ်ကွပ်ကဲနေသူ J.K. Shin ကိုယ်တိုင်မှ ပြောကြားခဲ့ခြင်းဖြစ်ပြီး Tizen အား အစမ်းသဘောမျိုးမဟုတ်ပဲ Android အားတွန်းလှန်နိုင်မည့် OS တစ်ခုဖြစ်စေရန် ပြုလုပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

Tizen OS အား လက်ရှိအချိန်တွင် Intel နှင့် Samsung တို့မှ ပူးပေါင်းကာ OS ပိုမို တိုးတက်လာရန် အထောက်အပံ့ပေးလျှက်ရှိသည်။ Samsung မှာ Android အသုံးပြု စမတ်ဖုန်းများဖြစ်သည့် Galaxy S စီးရီးစမတ်ဖုန်းများနှင့် ကမ္ဘာ့စမတ်ဖုန်းလောကတွင်နေရာအများအပြားရပြီထား သော်လည်း ကိုယ်ပိုင် သီးသန့် OS တစ်ခုနှင့်အတူမြင်သွားရန်အလိုရှိလျှက်ရှိသည်။

Shin မှ ပြောကြားချက်များအရ ကုမ္ပဏီအနေဖြင့် မတူညီသည့်မူဝါဒများဖြင့် ဈေးကွက်ကိုဆက်လက်ဦးဆောင်ရန် လိုကြောင်း၊ သို့အတွက် ရေရှည်လက်တွဲထားသည့် အမျိုးအရာများကို စွန့်လွှတ်ကောင်းစွန့်လွှတ်နိုင်မည်ဖြစ်ကြောင်းနှင့် သုံးစွဲသူများ အနေဖြင့် ယခုနှစ်အတွင်း Samsung မှ သတင်းကောင်းတစ်ခုကြား သိသွားရမည်ဖြစ်ကြောင်း သိရသည်။

Ref: Tech Crunch

Microsoft မှ Windows Phone apps များကို အသုံးပြုသူများ ကိုယ်တိုင်ထုတ်လုပ်နိုင်ရန် ပြင်ဆင်

Microsoft မှ ၎င်း၏ mobile platform အတွင်း application များ ပိုမိုများပြားလာစေရန် ရည်ရွယ်၍ Windows Phone application များ ကိုယ်တိုင်ဖန်တီးနိုင်မည့် online tool တစ်ခုကို ထုတ်လုပ်ပေးခဲ့ကြောင်းသိရသည်။

သတင်းများအရ အဆိုပါ online tool ကို Windows Phone App Studio ဟု ခေါ်ပြီး အစမဲ့ အသုံးပြုနိုင်ကြောင်းနှင့် လက်ရှိအချိန်တွင် beta versionတွင်သာ ရရှိသေးကြောင်း သိရသည်။ Microsoft မှ အဆိုပါ tool မှာ Windows Phone 8 အတွင်း application များ လွယ်ကူစွာဖန်တီးသွားနိုင်ရန်နှင့် ထို tool အား developer မဟုတ်သူများပင် အသုံးပြုနိုင်ကြောင်း၊ code တစ်စုံတရာ သိရန်မလိုကြောင်း ကြော်ငြာခဲ့သည်။

ကုမ္ပဏီ၏ တာဝန်ရှိသူတစ်ဦးဖြစ်သူ Todd Brix မှ ၎င်းတို့အနေဖြင့် Windows Phone အတွက် developer များမှ အိုင်ဒီယာအများအပြားရရှိသော်လည်း code ရေးသားခြင်းကို မပိုင်နိုင်သူများမှာ အဓက်စတွေ့နိုင်ကြောင်း၊ သို့အတွက် developer မဟုတ်သူများပါ မိမိတို့ စိတ်ကြိုက် Windows Phone application များဖန်တီးသွားနိုင်ရန် ယခု tool ကို ထုတ်လုပ်ပေးရခြင်း ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ App Studio မှာ web browser ကို အသုံးပြုထားပြီး IE 10 နှင့် အသုံးပြုလျှင် ပိုမို အဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။ တို့နောက် ၎င်းအတွင်း template ပေါင်းများစွာပါဝင်မည်ဖြစ်ပြီး အသုံးပြုသူများမှ images များ၊ စာသားများကို စိတ်ကြိုက်ဖန်ဆာရေးဆွဲထားနိုင်ကြောင်း တွေ့ရသည်။ အလုပ်လုပ်ဆောင်ပုံတွင်လည်း အခြား application အများစုအလုပ်လုပ်ဆောင်ပုံများကို စုစည်းပေးထားပြီး application ကို အပြီးသတ်တည်ဆောက်ရာတွင်လည်း browser မှ generate ပြုလုပ်ပေးသွားမည်ဖြစ်ကာ ဖုန်းအတွင်း တိုက်ရိုက် အသုံးပြုသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Windows Phone application ပေါင်း ၁၄၅၀၀၀ ကျော်ရှိပြီး Android တွင် application ပေါင်း ၁၃၀၀၀၀ ရှိကြောင်း သိရသည်။ Apple အတွင်းရှိ application အရေအတွက်မှာအများဆုံးဖြစ်ပြီး iPhone နှင့် iPad အတွက် application ပေါင်း ၉၀၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

Ref: CNET

Key Lime Pie ၏ ပထမဆုံး ပုံရိပ်များကို Nexus 4 နှင့် Nexus 7 တို့တွင် စတင်တွေ့ရှိ

Googleမှ ထုတ်လုပ်ထားသည့်Nexus 4နှင့် Nexus 7 တို့တွင် Android Platform ၏ build နံပါတ် အသစ်ဖြစ်သော KRS36B ကို အသုံးပြုထားကြောင်းတွေ့ရသည့်အတွက် Google အနေဖြင့် Key Lime Pie ၏ update ကိုစတင်ပေးနေပြီဖြစ်ကြောင်း သတင်းဌာနများက ခန့်မှန်းထားကြသည်။

ယခုသတင်းအား Chromium bug tracker တစ်ဦး (Chromium မှာ Chrome ၏ open source backbone တစ်ခုဖြစ်သည်) မှ ဗိုဘိုင်းပစ္စည်းမျိုးစုံအား စမ်းသပ်ရာမှ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထိုထဲတွင် မှ Nexus 7 နှင့် Nexus 4 တို့မှာ KRS36B ဆိုသည့် Android ၏ build နံပါတ်သစ်ကို အသုံးပြုထားခြင်း ဖြစ်ကြောင်း ထိုသူမှရှင်းပြခဲ့သည်။

ဤသို့သတင်းပေးပို့ချက်များအရ Nexus 7 နှင့် Nexus 4 တို့၏ မူလ build နံပါတ်မှာ JSS15J နှင့် JWR66V တို့ဖြစ်ကြောင်း။ သို့အတွက် ယခုလို build နံပါတ်ပြောင်းလဲခြင်းမှာ update ပြုလုပ်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။ တို့နောက် Key Lime Pie ဟု ပြောခြင်းမှာ build နံပါတ်များတွင် J နှင့်စတင်ထားပါက Jelly Bean ဖြစ်ကြောင်း၊ ယခု K နှင့် စတင်ထားသည့်အတွက် Key Lime Pie ပင်ဖြစ်နိုင်ကြောင်း သတင်းဌာနများသို့ ထပ်မံပြောကြားသွားသည်။

လက်ရှိအချိန်တွင် Google မှ Key Lime Pie အား တရားဝင်ထုတ်ဖော်ပြသခြင်းမရှိသေးပဲ မည်သည့်ပစ္စည်းတွင်အသုံးပြုမည်ဆိုခြင်း နှင့် Android 4.5 (သို့) Android 5.0 ဆိုသော နာမည်ကိုလည်း အတည်ပြုပြောကြားထားခြင်းမရှိသေးပေ။ ယခုကဲ့သို့ Chromium bug ၏ post တွင် Key Lime Pie ၏ build နံပါတ်ကို တွေ့ရသော်လည်း ထူးခြားသည့် feature များကိုတော့ မမြင်တွေ့ရကြောင်း သိရသည်။

နည်းပညာသတင်းဌာနများမှ Google အနေဖြင့် နောက်ထပ် ထုတ်လုပ်မည့် Nexus ပစ္စည်းအသစ်တွင် Android Key Lime Pie ကိုအသုံးပြုသွားနိုင်ကြောင်း နှင့်များစွာသော feature သစ်များပါဝင်လာနိုင်ကြောင်း ခန့်မှန်းထားကြသည်။ နောက်ဆုံးထွက်ရှိထားသော Android ဗားရှင်းမှာ Android 4.3 ဖြစ်ပြီး Nexus 7 tablet အသစ်တွင်အသုံးပြုထားသည်။

Ref: The Verge

တရုတ်နိုင်ငံတွင် Xiaomi ဖုန်းရောင်းအားမှာ iPhone ရောင်းအားထက် မြင့်တက်ခဲ့

တရုတ်နိုင်ငံအတွင်း Xiaomi စမတ်ဖုန်းများ၏ရောင်းအားမှာ Apple၏ iPhone ရောင်းအားထက်မြင့်တက်ခဲ့ကြောင်း ဇလာ ဆန်းစစ်ရေးအဖွဲ့ တစ်ခုဖြစ်သည့် Canalys မှ သတင်းထုတ်ပြန်ခဲ့သည်။

Canalys မှ ဖော်ပြချက်များအရ ယခုနှစ် ဒုတိယပတ် ကာလအတွင်းတိုင်းတာချက်အရ တရုတ်နိုင်ငံရှိ iPhone ၏ ဈေးကွက်မှာ ၅ ရာခိုင်နှုန်းသာ ကျန်ရှိတော့ကြောင်းအဆိုပါပမာဏမှာ ယင်ကာထက် ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ Xiaomi ၏ တရုတ်နိုင်ငံတွင်း စမတ်ဖုန်း ဈေးကွက် ဝေစုမှာလည်း ၅ ရာခိုင်နှုန်းသာရှိသော်လည်း ကုမ္ပဏီသက်တမ်းတိုတောင်းမှုကြောင့် ယခုလို iPhone ထက်သာလွန်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Canalys ၏ တာဝန်ရှိသူတစ်ဦးဖြစ်သူ Nicole Peng ၏ ပြောကြားချက်အရ Xiaomi ကုမ္ပဏီမှာ လွန်ခဲ့သည့် ၂ နှစ်တွင်မှ တရုတ်နိုင်ငံ၏ စမတ် ဈေးကွက်သို့ ဝင်ရောက်လာပြီး iPhone ၏ ဈေးကွက်ဝေစုကို လျှင်မြန်စွာလိုက်လံတုပနိုင်ခဲ့ကြောင်း သို့အတွက် ၎င်း၏ ဈေးကွက်ဝေစုမှာ လာမည့်နှစ် အနည်းငယ်တွင် iPhone ထက် ကျော်လွန်မည်ဖြစ်ကြောင်း သိရသည်။

Xiaomi စမတ်ဖုန်းမှာ အဆင့်မြင့် ပစ္စည်းများ ထည့်သွင်းထားပြီး ဈေးနှုန်းမှာလည်း ၂၇၅ ဒေါ်လာဖြင့်သာ ရောင်းချခဲ့ခြင်းကြောင့် ယခုလို ဈေးကွက်သို့ လျှင်မြန်စွာ ထိုးဖောက်နိုင်ခဲ့ကြောင်း Nicole မှ ထပ်မံပြောကြားခဲ့သည်။ Xiaomi စမတ်ဖုန်းမှာ မျက်နှာပြင် ၄.၃ လက်မရှိပြီး quad-core 1.7GHz နှင့် 13 megapixel အသုံးပြုထားသည်။ Xiaomi စမတ်ဖုန်းများမှာ လက်ရှိအချိန်တွင် တရုတ်နှင့် တိုင်ဝမ်နိုင်ငံများတွင်သာ ရောင်းချ ထားသော်လည်း ကုမ္ပဏီမှ မကြာခင် ကာလအတွင်း ကမ္ဘာ့နိုင်ငံအသီးသီးတို့ ဖြန့်ချိရောင်းချသွားမည် ဖြစ်ကြောင်း သိရသည်။

Peng မှ လက်ရှိ အရှိန်တွင် တရုတ်နိုင်ငံ၌ စမတ်ဖုန်းအသုံးပြုသူများမှာ iPhone သစ်များ မဝယ်ယူကြတော့ အသစ်ထွက်လာမည့် iPhone ကိုသာ စောင့်မျှော်နေကြကြောင်း၊ ထိုအရှိန်တွင်အလယ်လတ်တန်းဖုန်းများမှာထက်ဝိုက်ရောင်းချနေရကြောင်း အဆိုပါ အလယ်လတ်တန်းဖုန်းဈေးကွက်တွင် Samsung ၏ ဈေးကွက်မှာလည်း Lenovo၊ ZTE နှင့် Huawei တို့နှင့်တန်းတူရှိကြောင်း ပြောကြားခဲ့သည်။

လက်ရှိအရှိန်တွင် Apple မှ ဈေးနှုန်းနည်းပါးသည့် iPhone ထွက်ရှိလာနိုင်ကြောင်း ကောလဟာလသတင်းများထွက်ရှိလျှက်ရှိသည်။ လွန်ခဲ့သည့်အပတ်တွင် Xiaomi မှ ယွမ် ၇၉၉ တန် budget ဖုန်း ထုတ်လုပ်ခဲ့ကြောင်း သိရသည်။

Ref: PCWorld

မော်ဒယ်ဟောင်း iPhone, iPad များရောင်းချမှုတားမြစ်ချက်ကို အိုဘားမား စီရိအာဏာ သုံး၍ ပယ်ချ

Samsung ကုမ္ပဏီ မှ တရားစွဲဆို ချက် တစ်ခုဖြစ်သော အချက် အလက် ထုတ်လွှင့် မှုနည်းပညာနှင့် သက် ဆိုင် သည့် မူပိုင်ခွင့်တစ်ခုကို Apple ၏ထုတ်ကုန် ဖောင်းများဖြစ်သော iPhone 4, 3GS, 3G နှင့် iPad 2 တို့တွင်အသုံးပြုခဲ့သည်ဟု စွပ်စွဲမှုက်ကို အမေရိကန်သမ္မတ ဘာရက် အိုဘားမား မှ ဝီရိုအောဏာသုံး၍ပယ်ချလိုက် ကြောင်းသိရသည်။အစိုးပါ မော်ဒယ်ဟောင်း Apple ထုတ်ကုန်များကို တားမြစ်ခဲ့သော အခွဲ့အစည်းမှ အမေရိကန် အပြည်ပြည် ဆိုင်ရာကုန်သွယ်ရေးအခွဲ့ (ITC) မှ ဖြစ် ကြောင်းသိရသည်။

ယခုကဲ့သို့ မူပိုင်ခွင့် ပြဿနာများကို သမ္မတအိုဘားမားအနေဖြင့်ရက်ပေါင်း ၆၀ကြာ စဉ်းစားမှုများပြုလုပ်ပြီးမှထုံးဖြတ် ချက်ချခဲ့ကြောင်းသိရသည်။ အစိုးပါတား မြစ်ချက်အပေါ် အမေရိကန်အဖြစိုက် Apple ကုမ္ပဏီ မှ မူပိုင်ခွင့်ပြဿနာများကို သမ္မတ အိုဘားမား အနေဖြင့် စိတ်ဝင်စား မှုရှိနေခြင်းကို လွန်စွာ အားတက်လျက်ရှိ ကြောင်း apple ကုမ္ပဏီမှတာဝန်ရှိသူတစ် ဦးမှ ဆိုခဲ့သည်။

ITC ၏ဆုံးဖြတ်ချက်ကိုအမေရိကန် သမ္မတမှ ပယ်ချခြင်းသည် ၁၉၆၇ ခုနှစ်တွင် အမေရိကန် သမ္မတရော်နယ်ရေဂန်မှ ထုတ်ကုန်တစ်ခုရောင်းချွင့်ထားမြစ်ခြင်း ကိုပယ်ချခဲ့ပြီး နောက်ပိုင်း ယခုကဲ့သို့ အိုဘားမား၏လုပ်ရပ်မှာဒုတိယအကြိမ် ဖြစ်ကြောင်း သိရပါသည်။

Ref: Cnet

LG မှ အကောင်းဆုံး နောက်ဆုံးပေါ် စမတ်ဖုန်း G2 ကို မိတ်ဆက်

ကိုးရီးယားအခြေစိုက် ကုမ္ပဏီတစ်ခု ဖြစ်သော LG မှ ယင်း၏ နောက်ဆုံးပေါ် စမတ်ဖုန်းဖြစ်သော G2ကိုစတင်မိတ်ဆက် လိုက်ကြောင်း သိရသည်။ ယင်းစမတ်ဖုန်း သည် LG ၏ စမတ်ဖုန်းအလာကတွင် မှတ်တိုင်စိုက်ထူမည့် စမတ်ဖုန်း တစ်လုံးဖြစ် သည်ဟု LG ၏ တာဝန်ရှိသူတစ်ဦးမှ မိတ် ဆက်ပွဲ၌ ပြောကြားခဲ့ကြောင်း သိရသည်။ တို့မြင် LG G2 မှာ ယခင် ထုတ်လုပ်ခဲ့သော Optimus အမျိုးအစား မဟုတ်ကြောင်းသိ ရသည်။

LG G2 သည် မျက်နှာပြင် ၅.၂ လက်မ ရှိပြီး မျက်နှာပြင်သည် 1080p ထောက်ပံ့ ထားကြောင်း သိရသည်။ RAM ထောက်ပံ့ မှုမှာလည်း 2GB ပမာဏ အထိထောက်ပံ့ ပေးထားကြောင်းသိရပြီး Processor ကို Snapdragon 800 အမျိုးအစား 2.3GHz အမြန်နှုန်းရှိ Quad Core Processor ကို အသုံးပြုထားကြောင်းသိရသည်။ကင်မရာ ထောက်ပံ့မှုမှာ 13 MP ထည့်သွင်းပေးထား သည့်အပြင် ဖုန်း၏ ကျောဓက်တွင် အသံ အတိုးအကျယ် လုတ်ကို ထည့်သွင်း ပေးထားခြင်းမှာလည်း အခြား စမတ်ဖုန်း များနှင့် မတူညီသော အချက် တစ်ချက်ဖြစ် ကြောင်းသိရသည်။ G2 သည် ကောလ ဟာလတွက်ထားသောသတင်းများ အတိုင်း တပုံစံတည်းတွက်ပေါ် လာခြင်းဖြစ်ပြီးအ ကောင်းဆုံးစမတ်ဖုန်းတစ်လုံးဖြစ်သည်။

ယင်းကဲ့သို့သတင်းပေါက်ကြားမှုများ ကို LG အနေဖြင့်မထိန်းသိမ်းထားနိုင်ကြောင်း ကိုလည်းသိရသည့်အပြင် LG မှ အစိုးပါ G2 ကို စွေးနှုန်း သတ်မှတ်ခေပးခြင်းမရှိသေး ကြောင်းသိရသည်။ သို့သော် LG G2သည် လက်ရှိအရှိန်ဦးစမတ်ဖုန်းအလာကတွင် စွမ်းဆောင်ရည် အမြင့်ဆုံး စမတ်ဖုန်း အ ဖြစ်တည်ရှိနေကြောင်း သိရသည်။

Ref: Cnet

Instagram ပေါ်တွင် Videos များ ထည့်သွင်းခွင့် ပြုမည် ဖြစ်ကြောင်း ထုတ်ဖော် ပြောကြား

၂၀၁၂ ခုနှစ်တွင် Social Network တစ်ခုအဖြစ်နာမည်ရခဲ့သော Instagram မှ Feature အသစ်တစ်ခုဖြစ်သော Video ထည့်သွင်း အသုံးပြုနိုင်မည် ဖြစ်ကြောင်း ပြီးခဲ့သည့် ဝုဒ္ဓဟူးနေ့က ထုတ်ဖော်ပြော ကြားခဲ့သည်။ အစိုးပါ video များမှာ ၁၅ စက္ကန့်စာ video များကိုသာ ထည့်သွင်း အသုံးပြုခွင့်ပေးထားခြင်းသိရသည်။ ယင်းဝန်ဆောင်မှုကိုစမတ်ဖုန်းများပေါ်တွင် အသုံးပြုနိုင်သော Instagram Application မှတဆင့် အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

Instagram၏ဆုံးစံအတိုင်းအသုံးပြု ခွင့်ပေးထားသော Video များတွင် Effect များကိုပါ ထည့်သွင်း အသုံးပြုနိုင်ပြီး Edit ပါပြုလုပ်နိုင်ကြောင်း Feature သစ်ကို မိတ်ဆက်ပေးသည့်ပွဲ၌ Instagram ၏ တာဝန်ရှိသူတစ်ဦးမှ ဆိုခဲ့သည်။ iOS ပေါ် တွင်အသုံးပြုနိုင်မည့် Instagram App သည် အကောင်းဆုံးFeature များကိုထည့်သွင်း ပေးထားကြောင်း သိရသည်။ Android ပေါ်တွင်လည်း Version 4.0 မှစ၍ အကောင်း ဆုံးFeature များထည့်သွင်းပေးထားကြောင်း သိရသည်။ အစိုးပါ ၁၅ စက္ကန့် video များကို Twitter နှင့် Vine အကောင့်များပေါ်သို့ လည်း Share နိုင်ကြောင်း သိရသည်။

Instagram အနေဖြင့်လည်း ယင်း ကဲ့သို့ Video များကို ထည့်သွင်းခြင်းဖြင့် Video ကြော်ငြာများစွာ ရရှိလာနိုင်ကြောင်း ကိုလည်း Instagram မှ မျှော်လင့်လျက် ရှိကြောင်း သိရသည်။ ထို့ပြင် သင်္ကေတ များဖြင့် Post များ ပြုလုပ်ခြင်းကိုပါ ဆက် လက်ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း Instagram မှ တာဝန်ရှိသူတစ်ဦးကပြော ကြားခဲ့သည်။

Ref: Washington Post

Social Network Facebook မှ NewsFeed ပုံစံသစ်ကို ပြောင်းလဲပြုလုပ်

ကမ္ဘာ့အကြီးဆုံး Social Network တစ်ခု ဖြစ်သော Facebook မှ ၎င်း၏ NewsFeed ပုံစံကို ပြောင်းလဲမည်ဟု ပြီး ခဲ့သည့်အဂါနေ့၌ထုတ်ဖော်ပြောကြားခဲ့ သည်။ အစိုးပါ NewsFeed ပုံစံသစ်မှာ နောက်ဆုံးတင်ထားသော Posts များကို ရောရှေ့ဆော်မြင်ပေးမှာဖြစ်ပြီးPosts အပေါ်ယင်း များကိုမှအလုပ်ကျစေနိုင်ရန် NewsFeed ပေါ်တွင်ဖော်ပြပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ NewsFeed ပြောင်းလဲမှု များမှာ Facebook ၏ Browser ပေါ်တွင် သာပြောင်းလဲပေးထားခြင်းဖြစ်ပြီး Facebook Mobile App များပေါ်တွင်ပြောင်း လဲထားခြင်းမရှိသေးကြောင်း Facebook CEO Mark Zuckerberg မှ ပြောကြားခဲ့ သည်။ ယင်းကဲ့သို့ NewsFeed ပြောင်း လဲမှုများမှာ Facebook User အားလုံးကို တပြိုင်နက် ပြောင်းလဲပေးခြင်းမျိုး မဟုတ် ပဲအလှည့်ကျ ပြောင်းလဲ ပေးခြင်းသာဖြစ် ကြောင်းသိရသည်။ နေ့စဉ် Facebook User များအနေဖြင့် Posts ပေါင်း ၁၅၀၀ ကျော်ကိုသာမြင်တွေ့ရမှာဖြစ်ပြီးအင်တာ နက်အမြန်နှုန်းပေါ်မူတည်၍ NewsFeed ပေါ်တွင် Post တက်နှုန်းသည်လည်းအင် တာနက်အမြန်နှုန်းပေါ်မူတည်ကြောင်း သိရသည်။

အစိုးပါ NewsFeed ပြောင်းလဲမှုကို Facebook မှ သတင်းဗီဒီယာအခွဲ့တစ်ခွဲ့ ကိုသာ ပြီးခဲ့သည့် အဂါနေ့တွင် ထုတ်ပြန် ကြေညာခဲ့ခြင်းဖြစ်သည်။ ယင်းကဲ့သို့ NewsFeed ပြောင်းလဲမှုများကို Mobile App များပေါ်တွင်လည်းအမြန်ဆုံးပြောင်း လဲနိုင်ရန်ပြုလုပ်ပေးလျက်ရှိကြောင်း Facebook၏တာဝန်ရှိသူတစ်ဦးမှပြောကြား ခဲ့သည်။

Ref: Huffington Post

Moto X စမတ်ဖုန်းသည် iPhone 5 ၏ အကောင်းဆုံး ပြိုင်ဘက် ဖြစ်လာနိုင်ဖွယ်ရှိ

Google မှနောက်ဆုံးထုတ်လုပ်ထား သည့် Moto X စမတ်ဖုန်းသည် အမေရိ ကန်ဈေးကွက်၌ Apple ၏ iPhone 5 နှင့် ပြိုင်ဘက်အဖြစ်ရပ်တည်နိုင်သော စမတ်ဖုန်းတစ်လုံးဖြစ်ကြောင်းသိရသည်။ အစိုးပါ စမတ်ဖုန်းမှာ Google ၏ နောက် ဆုံးပေါ်နည်းပညာများစွာထည့်သွင်းထား သောစမတ်ဖုန်းတစ်လုံးဖြစ်သည်။ Google အနေဖြင့်လည်းဈေးနှုန်းကို များစွာလျော့ ချရုံရောင်းချသွားမည်ဟု သတင်းထုတ်ပြန် ထားကြောင်းသိရှိရသည်။

အစိုးပါ Moto X စမတ်ဖုန်းတွင် iPhone 5 ၌အသုံးပြုထားသော Nano SIM နည်းပညာကိုထည့်သွင်းအသုံးပြုထားပြီး Processor ကိုလည်း iPhone 5 နှင့်အပြိုင် 1.7 GHz Dual Core Processor ကို အ သုံးပြုထားကြောင်း သိရသည်။ မျက်နှာ ပြင်အရွယ်အစား၄.၇ လက်မရှိပြီး မျက်နှာ ပြင် သိပ်သည်းဆ 312ppi ထောက်ပံ့ပေး ထားကြောင်း သိရသည်။

Moto X စမတ်ဖုန်းတွင် iPhone 5 ထက်သာလွန်စေသောအချက်မှာအနောက် ကင်မရာထောက်ပံ့မှု10MPပါဝင်နေခြင်းဖြစ် ပြီး ဖုန်း၏ မျက်နှာပြင် Resolution ပိုင်းက လည်း iPhone5ထက်သာလွန်နေကြောင်း သိရပါသည်။

Ref: NY Time

smart JOURNAL PRO

reliable knowledge partner for the next generation

RELIABLE KNOWLEDGE PARTNER FOR THE NEXT GENERATION

www.smart.com.mm

မိုဘိုင်းဖုန်းနှင့်ပတ်သက်သောအတွင်းရေးများကို စုံလင်စွာသိရှိမည်

မိုဘိုင်းဖုန်းသတင်းဂျာနယ်

လုပ်ငန်းရှင်များအနေဖြင့် ကြော်ငြာများထည့်သွင်းလိုပါက

09 - 400 000 661 သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

Queen's Park Hotel

132, 7B, Anawrahta Road, Botahtaung Township, Yangon, Myanmar **Hotline:** 01-861 0523 **Email:** editor@smart.com.mm

သတင်းများစုစည်းရာအွန်လိုင်းစာမျက်နှာ

ရိုးရာလေး

yoyarlay.com

လူကြည့်များတဲ့ မြန်မာ့သတင်းဝက်(ဘ်)ဆိုက် ကနေ သင့်လှပ်ငန်းကို လူပြိုသိစေချင်ပါသလား ?

စီးပွားရေးလှုပ်ရှားမှုတွေမှာ ပြိုင်ဖက်များသူတို့ရဲ့ဆုံလည်စွာဖြင့် အွန်လိုင်းပေါ်တွင် အချိန်နှင့်တစ်ပြေးညီလွှင့်တင်ထားသော သတင်းများစုစည်းရာ ဖိုရာဝယ်၊ အွန်လိုင်းစာမျက်နှာတွင် ဝယ်ယင်ကြော်ငြာလိုက်ပါ။ သင့်လုပ်ငန်း / သင့်ကုမ္ပဏီကိုလူထုများအကြားလျှင်မြန်စွာပျံ့နှံ့ထိုးဖောက်စေရုပါမည်။

yoyarlay.com

09 - 4200 15944, 509 7008

sales@yoyarlay.com

ကျနယ်၅စောင်ဝယ်/ရောင်းပြီးလျှင် UV ပါပြီး အရည်အသွေးကောင်းမွန်သော ထီးတစ်လက်ရယူပါ။

အနာဂတ် အခွင့်အလမ်းများအတွက်

chance

အလုပ်အကိုင်နှင့်အခွင့်အလမ်းများနယ်

Ph: 09 450044405, 09 450044406

chance.mm12@gmail.com

သင်္ဘောသားများအတွက်
အလုပ်အကိုင်အခွင့်အလမ်းများ...
ရန်ကုန်၊ မန္တလေး အလုပ်အကိုင်အခွင့်အလမ်းများ...
နိုင်ငံတကာ အဖွဲ့အစည်းများ၏ အလုပ်အကိုင်အခွင့်အလမ်းများ...
အင်တာဗျူးဖြေဆိုရာတွင် သိထားသင့် သော ဆောင်ရန်၊ ရှောင်ရန်များ...
သခင်အောင်ဖေ၊ ဆရာအောင်မြတ်စည်သူ၊ ဦးနေဝင်းအောင် (A.S.T)၊ သူရိန်
ဆရာ ဇင်ဇော်ထက်ထွန်း၊ ဆရာ အောင်ကျော်မိုး တို့၏ ဖတ်စရာ မှတ်စရာများဖြင့်

အတွဲ(၁)
အမှတ်(၅)
ထွက်ပြီ

တန်ဖိုး၅၀၀ ကျပ်ဖြင့် ဤအခွင့်အရေးများကိုရယူပါ

SCBI Since 1996
Stamford-City Business Institute
30% Discount
ရရှိနိုင်မည့်အခွင့်အရေး

Global Knowledge
Management Institute & Career Consultancy
သင်တန်းအခမဲ့တက်ရောက်ခွင့်ကူပွန်

ရန်ကုန်၊ မန္တလေး ကျနယ်အရောင်းဆိုင်၊ စာအုပ်ဆိုင်ကြီးများနှင့် City Mart ဆိုင်တိုင်းတွင်ဝယ်ယူရရှိနိုင်ပါသည်။

tun

new technology company limited

新 旭 光 科 技 有 限 公 司

Web Design and Development Domain and Hosting Accounting Solution IT Consultant Antivirus Solution

- စတော်ပီ ဆန်းသစ်သော ဒီဇိုင်းမျိုးစုံဖြင့် ဝက်ဘ်ဆိုဒ်များကို ဖွေးနွန်းချိုသာစွာ ရေးဆွဲပေးခြင်း၊
- သတင်းအချက်အလက်၊ဓါတ်ပုံပမာဏ ကန့်သတ်ချက်မရှိခြင်း၊
- Content Management System (CMS) ဖြင့် ရေးဆွဲပေးခြင်း၊
- လူကြီးမင်းတို့ စိတ်တိုင်းကျ Update ပြုလုပ်ပေးခြင်း၊
- အိုင်တီနည်းပညာ ဆိုင်ရာများကို ဆွေးနွေးအကြံပေးခြင်း။
- လူကြီးမင်းတို့၏ လုပ်ငန်းများ ဖွေးကွက်တွင် ပိုမိုသိရှိစေရန် အွန်လိုင်းကြော်ငြာဝန်ဆောင်မှုများ ဆောင်ရွက်ပေးနေပါသည်၊

tun
www.tunnewtech.com

Phone - +95-1-298 101 (Office) +95-9-4310 3906 (Cell) +95-9-4310 3905 (Office) +95-1-293 596 (Fax)

Email - info@tunnewtech.com, QP@tunnewtech.com Website - www.tunnewtech.com